ဝဂ္ဂလင်းစာပေ

# မိုးကုတ်ဓမ္မမှတ်စု



ဒေါက်တာဝိုးလှိုင် (မန္တလေး)

" နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ "

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့အား ဤဓမ္မစာစုဖြင့်
ရှိသေစွာ ကန်တော့ပါ၏။

# မိုးကုတ် ဓမ္မမှတ်စု

မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားထားတော်မူသော သစ္စာ လေးပါးတရားတော်များမှ ဓမ္မမှတ်စုတို့ကို ဓမ္မလမ်း အဖွဲ့သူ အဖွဲ့သား များက စုစည်းတင်ပြ၍ ဒေါက်တာစိုးလွင်(မန္တလေး)က 'မိုးကုတ် ဓမ္မမှတ်စု' အမည်ဖြင့် ဓမ္မလမ်း ဝိပဿနာ (၅)ရက်သင်တန်း အတွက် ပြုစုထားခြင်းဖြစ်ပါသည်။

## မာတိကာ


၁။ ဒိဋ္ဌိခွါမှုရှေ့ထား (၁၅. ၂. ၆၁) - ၃

၂။ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာပယ်ပုံ (၁၃. ၁၁. ၆၀) - ၉

၃။ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာပယ်ပုံ (၁၄. ၁၁. ၆၀) -၁၈

၄။ စိတ်၏အလိမ်မခံရဖို့အရေးကြီးပုံ (၅. ၁. ၆၁) -၂၆

၅။ အရှိနဲ့အသိကိုက်အောင်လုပ်နည်း (၇. ၂. ၆၁) -၃၀

၆။ အသိလိုက်ရန်တရားတော် (၁. ၁. ၆၀) -၃၆

၇။ အနတ္တထင်အောင်ရှုနည်း (၁၅. ၉. ၆၂) -၄၄

၈။ ဉာဏ်အမြင်နှင့် မျက်လုံးအမြင် (၁၅. ၁၀. ၆၁) -၅၂

၉။ နိဗ္ဗာန်၏ အရသာ (၁၆-၁၂-၅၇) -၅၈

## ဒိဋ္ဌိခွါမှုရွေ့ထား (၁၅. ၂. ၆၁)

'ဣဒံ မေပုညံ အာသဝက္ခယံ ဝဟံ ဟောတု'ဆိုတော့အာသဝေါ တရား ကုန်ရာ နိဗ္ဗာန်ရောက်ရပါလို၏လို့ ဘုန်းကြီးကရွေ့ကတိုင်ပေး၊ ဒကာ ဒကာမတွေက လိုက်ဆိုတယ်။ လိုက်ပင်ဆိုငြားသော်လဲ ကုန်အောင် လုပ်မှ ကုန်မှာပဲဆိုတာ လေးလေးစားစား မှတ်ကြပါ။ ကုန်ပုံကလေးကို ရှင်းပြ ပါမယ်။ မနေ့က နှာခေါင်းပေါက် ဟောလိုက်တော့ ဒီနေ့တော့လျှာပေါက် ကို ကြည့်လိုက်တာပေ့ါ။ ချို၊ ချဉ်၊ ငံ၊ စပ်၊ ဖန်၊ ခါးအရသာကလေး လျှာပေါ် တင် လိုက်ပါ။ လျှာပေါ်မှာရှိတဲ့ လျှာပသာဒရုပ်ကလဲ အရှင်ဖြစ်နေတော့ ဒီက ချို၊ ချဉ်၊ ဖန်၊ ခါးနဲ့တွေ့တဲ့အခါကျရင်ဖြင့် အချိုသိစိတ်၊ အချဉ်သိ စိတ်လေး မပေါ်ဘူးလား။ အဲဒါ ဇိဝှာဝိညာဏ်စိတ်လို့ မှတ်လိုက်စမ်းပါ။

မြန်မာလိုတော့ စားစိတ်ပေ့ါ။ ဒီတော့ "တိဏ္ဏံ သင်္ဂတိ ဖဿော" ဆိုတဲ့ အတိုင်း ခုနကသုံးခုကြောင့် ဖဿကလဲ တွေ့ထိတဲ့သဘောနဲ့ တွဲလျက်ပဲ သဟဇတအဖြစ်နဲ့ပေါ်တယ်။ ဖဿပစ္စယာဝေဒနာဆိုတော့ ဒီလျှာမှာ အစာ နဲ့တွေ့လိုက်တာ သိပ်ကောင်းတာပဲဆိုတော့ ဝေဒနာက ပေါ်မလာဘူးလား။ ကောင်းတဲ့အခါကျလို့ရှိရင်ဖြင့် ကောင်းရုံနဲ့ဒကာဒကာမတွေက ရပ်နေ တာမဟုတ်ဘူး။ ဝေဒနာပစ္စယာတဏှာ၊ ကောင်းလို့ရှိရင်ဖြင့် နှစ်သက် တဲ့တဏှာက နောက်ကလိုက်လာတယ်။ ကောင်းလို့လိုက်တာဆိုတော့ **ကောင်းတာက ဝေဒနာ၊ လိုက်တာက တဏှာ၊** ဝေဒနာပစ္စယာတဏှာ။ ဒီလိုဖြစ်သွားတော့ သူများပြောလား၊ ကိုယ့်ရဲ့သန္တာန်မှာပေါ်တဲ့အစဉ်လား။ ဒီအစဉ်ကို ဒကာဒကာမတွေက မှတ်ထားလိုက်ပေ့ါ။ အကြောင်းတရား ကြောင့် အကျိုးတရားဖြစ်နေတဲ့ ပဋိစ္စသမုပ္ပါဒ်နဲ့ ပဋိစ္စသမုပ္ပန္နဆိုတာ နှစ်မျိုး မှတ်လိုက်တာပေ့ါ။ ဝေဒနာက ပဋိစ္စသမုပ္ပါဒ်၊ တဏှာက ပဋိစ္စသမုပ္ပန္န။ ဒီတော့ တဏှာကပေါ်လာတော့ ကောင်းလို့သဘောကျတယ်။ ကောင်းတာက

ဝေဒနာ သဘောကျတာကတဏှာ။ နောက်စားချင်သေးတယ်လို့ စွဲလမ်းတာ ကဥပါဒါန်။ စွဲလမ်းရင်ဖြင့် အလုပ်အကိုင် လုပ်မှစားရမှာပဲ။ ဒီလိုအလုပ် အကိုင်လုပ်တာတွေက စားချင်လို့ စားဖို့ဝါးဖို့လုပ်တဲ့အလုပ် ဝတ်ဖို့လုပ်တဲ့ အလုပ်တွေက ကာယကံ၊ ဝစီကံနဲ့ မလုပ်ရင်ရပါမလား။

ဒီတော့ ဒကာဒကာမတို့ ဥပါဒါနပစ္စယာကမ္မဘဝ၊ ကာယကံ၊ ဝစီကံဖြစ်မလာဘူးလား။ **ကမ္မဘဝဖြစ်လို့ ကံဖြစ်တယ်**လို့ ဆိုလိုက်လဲ ပြီးတာပါပဲ။ ဩော် ဒကာဒကာမတွေက ကံတွေချည်း လုပ်နေကြတာကိုး။ ကဲ နောက်ပြန်ဆုတ်ပြီး တစ်ခါပြန်ကြည့်ပါဦး။ ဒီကာယကံ၊ ဝစီကံပေါ်မှာ ဘယ်သူ အုပ်ချုပ်နေတုန်း၊ ဥပါဒါန်။ ဥပါဒါန်အပေါ်ဘယ်သူကအုပ်ချုပ်နေ တုန်း၊ တဏှာကအုပ်ချုပ်နေတယ်။ ဒီတဏှာနဲ့ဥပါဒါန်ဆိုတာ အငယ်နဲ့ အကြီးသာ ဘုရားကဟောပါတယ်။ ဒကာဒကာမတို့ကံပေါ်မှာ တဏှာ ဥပါဒါန် အုပ်ချုပ်နေတယ်ဆိုတာ မသေချာဘူးလား။

ဒါဖြင့်ရင် သည်ကံသည်ကား ကံကောင်းလို့ဆိုကြမလား ကံဆိုးလို့ ဆိုကြမလား၊ (ကံဆိုးပါဘုရား)။ ဘယ့်နှယ်ကြောင့် သည်ကံကို ကံဆိုးလို့ ဆိုနိုင်ကြပါလိမ့်မတုန်းဆိုတော့ အုပ်ချုပ်ရေးက မကောင်းလို့နော်။ အုပ် ချုပ်ရေးကမကောင်းလို့ဆိုတာ တဏှာ-ဥပါဒါန်က ကံပေါ်မှာအုပ်ချုပ်နေ တယ်လို့မှတ်ရမယ်။ သူတို့ကြောင့် ဥပါဒါနပစ္စယာ ကမ္မဘဝေါ်ဆိုတော့ ဩော် တဏှာ-ဥပါဒါန်ခြယ်လှယ်သလို ခံရတဲ့ကံပါလား။ ဩော် သည်ကံ တွေက တို့ကိုအကျိုးပေးနေတော့ ကိုယ်ကျိုးနည်းပေ့လို့ မှတ်လိုက်စမ်းပါ။

ဒါဖြင့် ကမ္မဘဝပစ္စယာ ဇာတိလို့ဆိုပြီးသကာလ ဇာတိတစ်ခုလာ လိုက်လို့ရှိရင် သည်ဇာတိဟာ ဒကာဒကာမတို့သိတဲ့အတိုင်း အမိဝမ်းထဲ ရောက်တဲ့ဇာတိဖြစ်လို့ရှိရင်လဲ ဒုက္ခသစ္စာ စပေါက်ဖွားတာပဲ။ နတ်ပြည် ဖြစ်တော့လဲ ဒုက္ခသစ္စာ၊ ဗြဟ္မာ့ပြည်ဖြစ်ပြန်တော့လဲ ဒုက္ခသစ္စာ။ ဖြစ်ချင်လို့

ဖြစ်ရတဲ့ ဒုက္ခသစ္စာလား၊ ဒီကံ စီမံသလိုခံရတာလား။ ဒီကံကလဲ သူစီမံချင်သလို စီမံလို့ရတာမဟုတ်ဘူး၊ တဏှာ ဥပါဒါန် လက်ညိုးညွှန်ရာ လုပ်ရတာ၊ ဒါသေသေချာချာမှတ်ပါ၊ တဏှာဥပါဒါန် လက်ညိုးညွှန်ရာလုပ်ရလို့ရှိရင် တဏှာဥပါဒါန်က ဘယ်တော့မှ နိဗ္ဗာန်ကို လက်ညိုးမညွှန်ဘူး။ တဏှာဥပါဒါန်က သုံးဆယ့်တစ်ဘုံထဲကိုသာ လက်ညိုးညွှန်တာ။

ဒါဖြင့် ဒါတွေသိတော့ တဏှာဥပါဒါန်လက်ညိုးညွှန်သရွေ့ကိုဖြင့် ကံကလိုက်ပြီး တည်ဆောက်ပေးရတဲ့အတွက် ဒီဘက်ခန္ဓာအိမ်တွေပေါ်တာကတော့ဖြင့် ဒုက္ခသစ္စာပေါ်ရမှာပဲ။ ဒါဖြင့် ဒကာဒကာမတို့ ဒီတဏှာဥပါဒါန်လက်ညိုးညွှန်သလို ကံကလုပ်ပြီးနေရတော့ ကျုပ်တို့မှာဖြင့် ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခတွေနဲ့ ကျုပ်တို့မှာ ကြုံဖို့ပဲ။

**အာသဝ**

ဒီတော့ ကာမာသဝဆိုတာ လောဘ၊ အဝိဇ္ဇာလဲပါနေတယ်။ ဒိဋ္ဌာသဝလဲ ဒီထဲပါနေတယ်။ တဏှာဥပါဒါန်ထဲမှာ အာသဝနှစ်မျိုးပါနေတယ်။ ကာမာသဝဆိုတဲ့ လောဘရော ဒိဋ္ဌာသဝဆိုတဲ့ ဒိဋ္ဌိရောပါတယ်။ ဘဝါသဝဆိုတဲ့ ဘုံဘဝလိုချင်တာလဲ သူပါသေးတာပဲ။ ဒီလိုဆိုတော့ သူသည် တဏှာဥပါဒါန်လို့သာဆိုတယ် အာသဝသုံးမျိုး ပါနေတယ်။ ဇာတိ၊ ဇရာ၊ မရဏကို သိလို့လိုချင်တာလား၊ မသိလို့လိုချင်တာလား၊ မသိလို့လိုချင်တော့ သူနဲ့ အဝိဇ္ဇာတွဲနေသေးတယ်။ ဒါဖြင့်ရင် သည်ဥစ္စာသည် အဝိဇ္ဇာသဝလို့မှတ်လိုက်၊ ဒီလိုဆိုရင် တဏှာဥပါဒါန်ကိုဘာခေါ်ကြမယ်၊ အာသဝခေါ်တယ်။ ကာမာသဝဆိုလဲသူ၊ ဘဝါသဝဆိုလဲသူ၊ ဒိဋ္ဌာသဝဆိုရင်ရော သူပါပဲ။

**အဝိဇ္ဇာ-တဏှာ-ဥပါဒါန်**

သူ့မှာတွဲနေတဲ့ သဟဇာတ ဖြစ်ဖော်ဖြစ်ဘက်အဖြစ်နဲ့ မသိလို့လုပ်ပြီး မသိလို့ ဇာတိ၊ ဇရာမရဏတွေရတာ ထောက်လိုက်ရင် ဒီတဏှာဥပါဒါန်နဲ့

အဝိဇ္ဇာနဲ့တွဲနေတယ်။ တွဲတော့ အဝိဇ္ဇာသဝရောပါတယ်။ ဒါဖြင့်ရင် အာသဝေါတရား ဘယ်နှယ်ပါးလို့ ဆိုကြမလဲ (လေးပါးပါဘုရား)။ ကောင်းပြီ ခုနက ဆရာဘုန်းကြီး ရှေ့ကတိုင်လိုက်တယ်။ "ဣမံမေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု" မေ=တပည့် တော်၏ ဣဒံပုညံ=ဤကောင်းမှုသည် အာသဝက္ခယံ= အာသဝေါတရားကုန်ရာသို့ (ဝါ)နိဗ္ဗာန်သို့၊ ဝဟံ=ဆောင်ရွက်နိုင်သည်၊ ဟောတု=ဖြစ်ပါစေသတည်းဆိုတော့ သူကုန်ရာကိုဆောင်ပေးပါ ဆိုတာ ဒီအာသဝေါတရားလေးပါး ခြယ်လှယ်တဲ့နေရာကို မဆောင်ပါနဲ့ လို့ပြောတာ၊ အာသဝေါတရားကုန်ရာကို ဆောင်ပါ။

ဒကာ ဒကာမတို့ ခင်ဗျားတို့ အခုစားလိုက် စားလို့တွေ့တယ်၊ တွေ့လို့ ကောင်းတယ်၊ ကောင်းလို့နှစ်သက်တယ်၊ နှစ်သက်လို့စွဲလမ်းတယ်၊ စွဲလမ်း လို့အားထုတ်တယ်၊ အားထုတ်လို့ ဒီဘက်မှာ ဇာတိ၊ ဇရာမရဏ အနာဂတ် ဘဝ မပေါ်ဘူးလား။ ဒီတော့ အာသဝေါတရားဟာ ဒီဘဝကုန်မှ ဟိုဘဝ ခန္ဓာဆက်ပြတ် မယ်ရှင်းပြီလား။ ကိုင်း ဒါဖြင့်ခင်ဗျားတို့ ဒီလိုလုပ်ကြပေတော့။

ဒကာဒကာမတို့ ဇိဝှာဝိညာဏ်ဆိုတဲ့ စားစိတ်ကို ဖဿနှင့်တကွ တွဲနေတာကလေးကို မဂ္ဂင်ငါးပါးနဲ့ 'ဇိဝှာဝိညာဏံ အနိစ္စတော ဇာနတော ပဿတော အာသဝါ သမုဂ္ဃတံ ဂစ္ဆန္တိ"။ သံယုတ်ပါဠိတော်မှာ ဟောတော်မူ ထားတယ်။ ဇိဝှာဝိညာဏံ= စားတဲ့လျှာမှာ ပေါ်တဲ့စိတ်လေးကို၊ အနိစ္စတော= အနိစ္စအားဖြင့်၊ ဇာနတော=ရှုသောပုဂ္ဂိုလ်အား၊ ပဿတော=မြင်သောပုဂ္ဂိုလ် အား၊ အာသဝါ=အာသဝေါတရားတို့သည်၊ သမုဂ္ဃါတံ=ကုန်းဆုံးခြင်းသို့၊ ဂစ္ဆန္တိ=ရောက်ကုန်၏။ ကိုင်း ဒကာဒကာမတွေက လျှာမှာ ပေါ်တဲ့စိတ်လေးကို ဘုန်းကြီးက ဖြစ်ပျက်ရှုပါ။ ဒီဥစ္စာ အနိစ္စတရားကလေးပါ၊ ဖြစ်ပျက်ရှုပါလို့ ဆိုတော့ ဒကာဒကာမတွေက စားရင်းမတ္တာနဲ့ လျှာမှာ ပေါ်တဲ့စိတ်လေးကို နောက်ကနေပြီး ဝိပဿနာမဂ်နဲ့ မရှုပေဘူးလား။

စားတဲ့အခါ ရှုလိုက်ကြစမ်းပါနော်။ ရှုလိုက်တဲ့အခါကျလို့ရှိရင်ဖြင့် **(ဇိဝှာဝိညာဏ်)**ဖြစ်ပျက်ရှုလို့ ဇိဝှာဝိညာဏ်ကို ခင်ဗျားတို့က အနိစ္စရှုလိုက်တယ်။ အနိစ္စရှုလိုက်တော့ သူ့ပဋိစ္စသမုပ္ပါဒ်ပြတ်တယ်။ နောက်ပိုင်းက ဘာတွေများပြတ်သတုန်းဆိုတော့ အာသဝပြတ်ပါတယ်။

အာသဝပြတ်သွားတော့ ဪ အာသဝေါပြတ်အောင် "ဣမံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု"ဆိုတဲ့အတိုင်း ဣဒံမေပုညံဆိုတာ ဒီပုည ဒီကုသိုလ်မှ အာသဝပြတ်တယ်။ **ဒီလိုရှုတဲ့ကုသိုလ်**ကလဲ အာသဝ မပြတ်ဘူးလား။ သူများပြောလား ခင်ဗျားတို့ခန္ဓာဖြစ်စဉ် ဖြတ်လိုက်တယ်ဆိုတော့ ဒကာဒကာမတို့ ကျေကျေနပ်နပ် သဘောကျဖို့ ကောင်းပါတယ်။ မဂ်ဝင်ရင် အာသဝေါကုန်ပါတယ်။

ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ။ ကိုင်း ဒါဖြင့် ဒကာဒကာမတို့ အာဝဝေါတရားကုန်အောင် ဘယ့်နှယ်လုပ်ကြမတုန်းဆိုတော့ အာသဝေါတရားကို လာခွင့်မရအောင် အာသဝေါဖြစ်ကြောင်းတွေကို **အာသဝ၏အာရုံ**တွေကို ဖြစ်ပျက်ရှုရမယ်။ ဒါဖြင့် ခင်ဗျားတို့ ဒီကနေပြီး ရှုပေးပါတဲ့။ **ဇိဝှာဝိညာဏ်**လေးကို ရှုလိုက်တော့ ဖြစ်ပျက်၊ အာသဝကုန်စေတဲ့မဂ်။ ဒီအာသဝမှ မလာဘဲနဲ့ အာသဝေါ တရားကုန်ရာဆိုတဲ့ဥစ္စာ ဒကာဒကာမတို့ စဉ်းစားကြည့်ကြပေ့ါတဲ့၊ ဇာတိ၊ ဇရာမရဏမရှိတဲ့ဟာ ဘာခေါ်ကြမယ်၊ (နိဗ္ဗာန်ပါဘုရား)။ အာသဝေါတရားကုန်ရာပဲ။

ဒါဖြင့် ဒီအာသဝကုန်ပေ့ါ၊ အာသဝ၏အကျိုးတွေလာနိုင်သေးလား။ အာသဝေါတရားကုန်ရာဆိုတာ ဇာတိ၊ ဇရာမရဏ မရှိတာကိုဆိုပါတယ်။ ဇာတိ၊ ဇရာမရဏမရှိတာ အာသဝေါတရားကုန်တာပဲ။ တဏှာ၊ ဉပါဒါန်၊ ကံတွေ ဘယ့်နှယ့်နေသတုန်း ကုန်ပါတယ်။ ဘယ်နှယ့်ကြောင့် ကုန်ပါလိမ့် မေးတဲ့အခါကျတော့ မဂ်ဝင်လိုက်လို့။ ဒီမဂ်က ဘယ်နှယ့်ကြောင့် ပေါ်လာ

ပါလိမ့်မေးတော့ **အာသဝေါတရား၏အာရုံဖြစ်တဲ့ ဇိဝှာဝိညာဏ်စိတ်**ကို ဖြစ်ပျက်ရှုလို့ **ကြောင်းကျိုးဆက်ပြတ်**တယ်လို့ မှတ်စမ်းပါ။

ဇိဝှာဝိညာဏ်စိတ်လေး ဖြစ်ပျက်ရှုတော့ ဘယ့်နှယ်ကြောင့် သူ့ကို ဖြစ်ပျက် ရှုခိုင်းပါလိမ့်လို့မေးတော့ အရင်တုန်းက **အာသဝလုပ်ထားတဲ့ တရား၊** သူလုပ်ထားတာကို ခင်ဗျားတို့က အနိစ္စစက်၊ ဒုက္ခစက်၊ အနတ္တစက် နဲ့မြင်မှ နောက်အာသဝကုန်မယ်။ ဇိဝှာဝိညာဏ် စိတ်ဟာဆိုရင်ဖြင့် ခုနက ပြောခဲ့တဲ့စိတ်တွေ၊ ရုပ်တွေဟူသ၍က အာသဝေါတရားရှိတဲ့ ပုဂ္ဂိုလ်မှာ ပေါ်တာ၊ နိဗ္ဗာန်မှာ ဒါတွေရှိရဲ့လား၊ (မရှိပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အရှုခံတဲ့တရားတွေဟာ ဘယ်သူလုပ်တာတုန်း၊ (အာသဝလုပ်ထားတာပါဘုရား)။ အဲဒီ အာသဝေါတရား လုပ်ထားတဲ့ တရားတွေကို ခင်ဗျားတို့ ယခုသာသနာတွင်း မဂ်နဲ့ရှုပစ်လိုက်။ ဒီအာသဝေါ လုပ်ထားတဲ့ ဇိဝှာဝိညာဏ်က အနိစ္စ၊ သာသနာတွင်းတရားက မဂ္ဂဖြစ် လာတယ်။ ဘယ့်နှယ်ကြောင့် ရှုခိုင်းပါလိမ့်ဆိုတော့ သြော် အရင်အာသဝ တွေလုပ်ထားတဲ့ဥစ္စာ မကောင်းမှန်းသိပါစေတော့လို့ အရင်အာသဝတွေ လုပ်ထားတာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဒုက္ခသစ္စာတွေ လုပ်ထားတယ်။

အနိစ္စ၊ ဒုက္ခ၊ အသုဘ၊ ဒုက္ခသစ္စာကြီးလုပ်ထားတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တမြင်တယ်ပေါ့။ အနိစ္စ၊ ဒုက္ခ၊ အသုဘ၊ ဒုက္ခသစ္စာ မကောင်းတဲ့(၄) ချက် တစ်ခုခုမြင်ရမယ်။ ဘာမျက်လုံးနဲ့ကြည့်တာပါလိမ့်၊ သာသနာတွင်း မျက်လုံးနဲ့၊ ဒါကြောင့် ဝိပဿနာဟာ သာသနာတွင်းမှာပေါ်တယ်။ ဒါဖြင့် အာသဝေါတရား အကြောင်းတွေကုန်တော့ အာသဝေါတရား၏ကုန်ရာ ဌာနဖြစ်တဲ့ နိဗ္ဗာန်ဆိုတာပေါ်ပါတယ်။ ဒါဖြင့် ဇာတိ၊ ဇရာမရဏချုပ်ရာ ဘာပါလိမ့်၊ (နိဗ္ဗာန်ပါဘုရား။) နိဗ္ဗာန်ဟာ အာသဝေါတရား၏ကုန်ရာလို့ မှတ်လိုက်စမ်းပါ။ ကဲ. . . ဒီတွင် တော်ကြဦးစို့။ (သာဓု၊ သာဓု၊ သာဓု)

(၉)

## ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာပယ်ပုံ
## (၁၃. ၁၁. ၆၀)

သောတာပတ္တိမဂ်ဟာ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာသတ်မှရောက်တယ်။ ပထမမဂ်ရချင်ရင် ဘာသတ်ရမှာတုန်း ဒိဋ္ဌိသတ်ဖို့ပဲ။ ဒိဋ္ဌိကဘယ်မှာနေလို့ သတ်ရမှာလဲ၊ **ဒိဋ္ဌိဟာ ခန္ဓာငါးပါးမှာ ငါးပါးစလုံး စွဲနေတယ်**လို့ မှတ်ကြပါ။

ဒီတော့ ခန္ဓာမသိလို့ ဒိဋ္ဌိဖြစ်ရတယ်။ ခန္ဓာ၏အနိစ္စအချက်ကို မသိလို့ ဒိဋ္ဌိကပ်နေတယ်။ ခန္ဓဒုက္ခသစ္စာမသိလို့ ဒိဋ္ဌိကပ်နေတယ်။ ဒါဖြင့် ဒိဋ္ဌိကို ပထမဦးစွာ ဝိပဿနာနဲ့ခွာဖို့ပါပဲ။ နောက်ပွားများပြီးသကာလ မဂ်နဲ့သတ်ပါ။ **ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ**ရယ်လို့ သုံးမျိုးရှိပါတယ်။ ဒိဋ္ဌိဟာ ခန္ဓာငါးပါးမှာ ကပ်နေတယ်ဆိုတာ သိကြပါ။ ဒါဖြင့် ဒိဋ္ဌိခွာမယ် ကြံရင် ခန္ဓာငါးပါးပြရတယ်။ ခန္ဓာငါးပါးသိချင်ရင် ပဋိစ္စသမုပ္ပါဒ်ကိုပြရလိမ့်မယ်။ ခန္ဓာငါးပါးဟာ **ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ**လို့ မှတ်ကြပါ။

ခန္ဓာငါးပါးသိနေပေမဲ့ ခန္ဓာ၏ဖြစ်ကြောင်း ချုပ်ကြောင်းကို မသိလို့ရှိရင် ဒိဋ္ဌိကပ်ဦးမှာပဲ။ ဒါကြောင့် ခန္ဓာမသိလို့ရှိရင် ပဋိစ္စသမုပ္ပါဒ်သိအောင်လုပ်ပါ။ ခန္ဓာငါးပါးဟာ ဘယ်လိုဖြစ်တယ်၊ ဘယ်လိုပြတ်တယ်ဆိုတာ မသိရင်ဖြင့် ဝိစိကိစ္ဆာ ယုံမှားကြံစည်နေမှာပဲ။ ဒါဆိုရင် ပဋိစ္စသမုပ္ပါဒ်ကို ပြရလိမ့်မယ်။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်သည် စာမှာလာတဲ့ ပဋိစ္စသမုပ္ပါဒ်ကတစ်မျိုး ယခုခန္ဓာမှာ ယခုဖြစ်နေတဲ့ ပဋိစ္စသမုပ္ပါဒ်က တစ်မျိုးလို့ နှစ်မျိုးရှိတယ်။ ထိုနှစ်မျိုးတွင် စာမှာလာတဲ့ ပဋိစ္စသမုပ္ပါဒ်ကို နားလည်လို့ရှိရင် ကျုပ်တို့ ခရီးပေါက်မှာ မဟုတ်ဘူး။ ယခုခန္ဓာကြီးမှာပေါ်နေတဲ့ ပဋိစ္စသမုပ္ပါဒ်ကိုနားလည်မှ နေရာကျမယ်။

ခန္ဓာငါးပါး၏ဖြစ်ပုံချုပ်ပုံကိုမသိလို့ ဘာကပ်နေတယ်၊ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ

ကပ်နေတာ။ ဒါဖြင့် ခန္ဓာငါးပါး၏ဖြစ်ပုံချုပ်ပုံကို ဆရာကောင်းက ဟော လိုက်ပြောလိုက်လို့ရှိရင် ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာဟာ ခန္ဓာမှာမကပ်နိုင်ပါဘူး။ ဒါကြောင့် ခန္ဓာငါးပါး ဖြစ်ကြောင်းချုပ်ကြောင်းကို နံပါတ်-၁ ထား၍ စကားပြောရမယ်။

ပဋိစ္စသမုပ္ပါဒ်သုံးမျိုးရှိတယ်။ အတိတ်အကြောင်းကြောင့်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်သည် ဆရာတော်တွေ ဟောနေပေမဲ့လည်း ဒါကဘာမှမဆိုင် ဘူး။ အနာဂတ် လာလတ္တံ့တွေ ဟောနေပေမဲ့လို့လည်း ခင်ဗျားတို့မှ မတွေ့ကြုံ ရသေးတာ။ ဒါဖြင့် **ပစ္စုပ္ပန်ပဋိစ္စသမုပ္ပါဒ်ဟာ အင်မတန် အရေးကြီး** တယ်။

**ခန္ဓာသည် ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာတို့၏တည်ရာ ခိုရာဌာန**ဖြစ်တယ်။ ဒါဖြင့် ခန္ဓာငါးပါးသည် ဒိဋ္ဌိ-ဝိစိကိစ္ဆာနဲ့ ကွဲအောင်လုပ်ရမယ်။ ဒါက တရားကိုအခြေ ကတည်ပြောနေတာ။ ကကြီး-ခခွေး စာသင်နေတယ်လို့ ့အောက်မေ့ပါ။ ခန္ဓာငါးပါး ဖြစ်ကြောင်းချုပ်ကြောင်းကို မသိလို့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကပ်နေတယ်။ ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် ဖြစ်ကြောင်းချုပ်ကြောင်းနား လည်မှ ဒိဋ္ဌိ-ဝိစိကိစ္ဆာကွာမယ်။

ပဋိစ္စသမုပ္ပါဒ်ကို အဝိဇ္ဇာကနေပြကြစို့။ အဝိဇ္ဇာက အတိတ်အကြောင်း တွေပဲ၊ ခင်ဗျားတို့နဲ့မဆိုင်ဘူး။ အဝိဇ္ဇာ-သင်္ခါရကြောင့် ခင်ဗျားတို့ ခန္ဓာ တွေဖြစ်နေပြီ။ နောက်ဘဝက သစ္စာလေးပါးမသိတဲ့အဝိဇ္ဇာ၊ ဒီအဝိဇ္ဇာကို ခင်ဗျားတို့က လက်သတ်မွေးခဲ့တဲ့အတွက် ဟိုဘဝက ဆုတောင်းတဲ့တဏှာ မလာနိုင်ပေဘူးလား။ ဘဝရောက်ကြောင်း ကုသိုလ်တွေမလုပ်ပေဘူးလား။ ကုသိုလ်လုပ်တော့ ဒီဘဝမှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဆိုတဲ့ ခန္ဓာငါးပါးပေါ်တယ်။ ခန္ဓာငါးပါးပေါ်တော့ အဝိဇ္ဇာ-သင်္ခါရ သတ်နိုင် သေးရဲ့လား။ လွန်ကုန်ပြီ။ ဘယ်သတ်နိုင်မလဲ၊ သူတို့ပြုထားတဲ့အတွက် ကျုပ်တို့ အကျိုးထဲရောက်နေပြီ။

ဟိုကအရှိန်နဲ့ ဒီရောက်နေတာကို ကျုပ်တို့သည်ကားဆိုလို့ရှိရင်ဖြင့် သူ့အကျိုးဆက်ခံရုံပဲရှိတော့တယ်။ သူကအကြောင်းဖြစ်နေတယ်။ သူ့အကျိုးဆက်ကို ကျုပ်တို့တွေ့ကြုံနေပြီ။ ကျုပ်တို့သတ်ရမှာက ဒီအကျိုးထဲပေါ်တဲ့ အဝိဇ္ဇာ-သင်္ခါရကို သတ်ရလိမ့်မယ်။

ယခုဒါက ပစ္စုပ္ပန်ခန္ဓာနော်၊ ပစ္စုပ္ပန်ဆိုရင် အခုဘဝမှာ "ပရဲဇင့်"ပေါ့ဗျာ။ ဒါဖြင့် ပစ္စုပ္ပန်ခန္ဓာထဲမှာ သူတို့နဲ့တွဲပြီးသကာလ အဝိဇ္ဇာကမသိလို့ ဒိဋ္ဌိကကပ်နေတယ်။ အဝိဇ္ဇာမသိလို့ ဝိစိကိစ္ဆာကပ်နေတယ်။ ဒါဖြင့် ဒိဋ္ဌိ-ဝိစိကိစ္ဆာကပ်နေတာ သိလို့ရှိရင်ဖြင့် ကျုပ်တို့ ပစ္စုပ္ပန် အဝိဇ္ဇာရှိသေးရဲ့လား၊ မရှိနိုင်ဘူး။ ဟော ဝိဇ္ဇာဖြစ်သွားပြီ၊ ဒီဝိဇ္ဇာရှိတဲ့ ပုဂ္ဂိုလ် သင်္ခါရအလုပ်ကို နောက်ထပ်လုပ်ဦးမလား၊ မလုပ်တော့ဘူး။ ဒါဖြင့် ဒိဋ္ဌိ, ဝိစိကိစ္ဆာခွာလိုက်ရင် အဝိဇ္ဇာနဲ့ သင်္ခါရ အလိုလိုပြုတ်တယ်။ ဒါဖြင့် ပစ္စုပ္ပန်ခန္ဓာထဲမှာရှိတဲ့ ဒိဋ္ဌိ-ဝိစိကိစ္ဆာကို ကျုပ်တို့သတ်ရမယ်။ ဘာနဲ့သတ်ရမှာတုန်းဆိုတော့ ဒီခန္ဓာကြီးကိုသိတဲ့ နည်းနဲ့ပေါ့ဗျာ။ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် လုပ်ပေးရမယ်။

အခုခန္ဓာငါးပါး၊ အခုပေါ်နေတဲ့ ပဋိစ္စသမုပ္ပါဒ်ကို ကျုပ်တို့ပြဖို့ အရေးကြီးတယ်။ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ် ခန္ဓာကြီးအပေါ် တဏှာလာရင် ဥပါဒါန်လာမယ်၊ ဥပါဒါန်လာရင် ကံလာမယ်။ ကံလာရင် နောက်အနာဂတ် ဇာတိ၊ ဇရာမရဏတွေလာတယ်။ ပစ္စုပ္ပန်ခန္ဓာထဲက အဝိဇ္ဇာ၊ တဏှာ၊ ကံတွေမပေါ်ဖို့ အရေးကြီးတယ်။ ပစ္စုပ္ပန်ခန္ဓာ အစွဲပြုပြီးသကာလ အဝိဇ္ဇာ၊ တဏှာ၊ ကံတွေ မပေါ်လို့ရှိရင်ဖြင့် အနာဂတ်ခန္ဓာဆိုတာပြတ်မယ်။

ယခုမွေးစ ခန္ဓာငါးပါးလိုချင်တယ်။ အမေမွေးတဲ့ခန္ဓာငါးပါးမလိုချင်ဘူး။ အမေမွေးတဲ့ခန္ဓာငါးပါးက ဖြစ်ခဲ့ပျက်ခဲ့ပြီ၊ ဘာတစ်တိုတစ်စမှ ခင်ဗျားတို့မပါလာဘူး။ ယခုဘုန်းကြီးရှေ့မှာ ခုတရားနာနေတဲ့ ခန္ဓာငါးပါးသာလိုချင်တာ။ နာရီအချိန်ကိုက်နေတဲ့ခန္ဓာ၊ အတိတ်အကြောင်းကြောင့် ပစ္စုပ္ပန်

အကျိုးတရားတွေဖြစ်လို့ ပစ္စုပ္ပန်အကျိုးဟာ မျက်စိတမှိတ် ကုဋေငါးထောင် ကျော်ခဲ့ရလို့ ခင်ဗျားတို့အတိတ်က တစ်တိုတစ်စမှ ပါမလာခဲ့တော့ဘူး။

ဒီတော့ ယခုအချိန်မှာပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကိုလိုချင်တာ။ **ဝိပဿနာလုပ်နေလို့ရှိရင် ပစ္စုပ္ပန်တည့်ရမယ်။** ဘုန်းကြီးကတော့ အခုပေါ်တာ အခုတွေ့ချင်တာပဲ။ ဒါအင်မတန် အရေးကြီးတဲ့အချက်ပဲ။ ထတဲ့ရုပ်နာမ်ဟာ ထိုင်တဲ့အချိန်မှာ မပါတော့ဘူး။ အမေမွေးထားတာ ဘယ်ကလာထဲ့လို့ ရမတုန်း။ မီးလောင်လို့ပြာတောင်မရှိတာ ခင်ဗျားကရေသွားလောင်းနေရင် အရှုးလားမေးမှာပေါ့။

ဒါဖြင့် ပစ္စုပ္ပန်တည့်တည့် ခန္ဓာပေါ်ဖို့ အရေးကြီးတယ်။ ဒါဖြင့် ပစ္စုပ္ပန် ခန္ဓာငါးပါးကို ပစ္စုပ္ပန်ဉာဏ်နဲ့ကြည့်နော်။ ကြည့်ပုံကလေးပြောစမ်းပါဦးဆို တော့ မျက်လုံးနှစ်ခုဆိုင်တဲ့ ပစ္စည်းတွေ အရာဝတ္ထုတွေကို မျက်လုံးနဲ့သွား တိုက်တဲ့အခါကျတော့ မြင်စိတ်ပေါ်တယ်။ ဒီတော့ မြင်စိတ်ဟာ အိမ်ကပါ လာတဲ့မြင်စိတ်လား၊ အခုမှပေါ်တဲ့မြင်စိတ်လား။ ဒါဖြင့် ဒီမျက်လုံးကလဲ အိမ်ကပါလာတဲ့မျက်လုံးလားလို့မေးရင် အိမ်ကပါလာတဲ့မျက်လုံးဟာ လျှပ်တပြက်တောင်မခံပါဘူး။

ဒါဖြင့် ဒီမျက်လုံးကလဲ ဒီဆိုင်နားရောက်မှပေါ်တဲ့ မျက်လုံးမဟုတ်ဘူး လား။ ဒီပစ္စည်းဝတ္ထုတွေကလဲ မနေ့ကထားတဲ့ ပစ္စည်းလား၊ သူတို့လဲ မဟာ ဘုတ်လေးပါး အဆက်ဆက်နဲ့လဲနေတော့ ခုမှခင်ဗျားရှေ့မှောက်ရောက်မှ ပေါ်လာတဲ့ပစ္စည်း ဟုတ်ရဲ့လား။ ဒါဖြင့် ပစ္စည်းကလဲပစ္စုပ္ပန်၊ အခုခဏပစ္စုပ္ပန် ပေါ့ဗျာ ဟုတ်ရဲ့လား။ အခု ဒီမျက်လုံးကလဲ အိမ်ကပါလာတဲ့ မျက်လုံး မဟုတ် ဘူး။ ယခုဒီနားကျမှပေါ်လာတဲ့ မျက်လုံးအသစ်၊ ပစ္စည်းကလည်း အသစ် ဟုတ်လား။ စိတ်လည်းအသစ်မဆိုနိုင်ဘူးလား။ ပြီးတော့မှ အကောင်းအဆိုး ရွေးတာလဲ ဒီနားကျမှ အကောင်းအဆိုးရွေးတဲ့ ဝေဒနာကလဲ အသစ်မဆို

နိုင်ဘူးလား။ အိမ်ကပါလာတာ တစ်လုံးမှမပါဘူး။

ဒါဖြင့် ကြည့်စေလိုတဲ့စေတနာကလဲ အခုမှပဲပေါ်တယ်။ သင်္ခါရက္ခန္ဓာ ကလည်း အသစ်၊ ဒါဖြင့် ခန္ဓာငါးပါးခွဲလိုက်တော့မယ်။ ဟော့ဒီ ရုပ်အဆင်းနဲ့ ခင်ဗျားမျက်လုံးက အသစ်ရူပက္ခန္ဓာ၊ ဒီဆိုင်ကျမှပေါ်တဲ့ အသစ်ရူပက္ခန္ဓာ၊ ဟောဒီ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ လေးပါး ကလဲ ခုမှပေါ်တဲ့ နာမက္ခန္ဓာလေးပါး။ ဒါက ရူပက္ခန္ဓာတစ်ပါးပဲထားပါတော့။ ဒါဟာ အခုမှပေါ်တဲ့ ခန္ဓာငါးပါးဆိုတော့ အိမ်ကပါလာတာ မဟုတ်ဘူး။ ဒါဖြင့် ဒီလိုခန္ဓာငါးပါးကို ခင်ဗျားတို့က ဉာဏ်နဲ့တည့်ရမယ်။

ရူပက္ခန္ဓာနှစ်ခုပေါင်းဆိုတာ မျက်လုံးပသာဒရုပ်က ရူပက္ခန္ဓာ၊ ဒီဆိုင် မှာရှိတဲ့ အဆင်းတွေက ရူပက္ခန္ဓာ၊ ဒီရူပက္ခန္ဓာ နှစ်ခုပေါင်းပြီး နာမက္ခန္ဓာ လေးပါးဖြစ်စေတယ်။ ဒါဖြင့် နာမ်ရုပ်ပေါ်လာတယ်။ ဒါဖြင့် ဒို့အခုရနေတဲ့ ခန္ဓာငါးပါးကဖြင့် အာရုံနဲ့တိုက်ပြီး သကာလ ပေါ်တဲ့ ခန္ဓာငါးပါး။ ဒါက ဒွါရ၊ ဒါကအာရုံ။ အာရုံနဲ့ဒွါရတိုက်တော့ နာမက္ခန္ဓာလေးပါးပေါ်တယ်။ ပေါင်း လိုက်တော့ ခန္ဓာငါးပါးဖြစ်သွားတယ်။ ဒါဖြင့် ပစ္စုပ္ပန်ခန္ဓာငါးပါးကို ခင်ဗျားတို့ ဉာဏ်နဲ့သိပေးလိုက်ရင် အခုဖြစ်တာသိသွားလို့ အခုပျက်တာသိပေးလိုက် လို့ရှိရင်ဖြင့် ခင်ဗျားတို့ ဝိပဿနာဉာဏ် ချက်ချင်းရမယ်။

အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရရှင်းပေးအုံးမယ်။ သင်္ခါရက္ခန္ဓာမှာ ဥပမာ-ကံကပေးတယ်၊ ကံကအခုမှလုပ်ပေးတယ်၊ ဆိုင်ရောက်မှ ထည့် လိုက်တဲ့မျက်လုံး၊ အတိတ်ကံကမျက်လုံးကတော့ ချုပ်ပြီးခဲ့ပြီပေါ့။ ဒါဖြင့် ဒါဟာ ယခုဆိုင်နားကျမှ ဖျတ်ခနဲပေါ်လာတဲ့မျက်လုံး၊ အထုပ်တွေကလည်း ဟိုမှာ အမျိုးမျိုးကုန်ပစ္စည်းတွေက အပူအအေးနဲ့ အကုန်ပြောင်းလဲကုန်ပြီ။ အပူရုပ်ပြောင်းလိုက် အအေးရုပ်ပြောင်းလိုက်နဲ့ပျက်စီးကုန်ပြီ။

ဒါဖြင့် ဒီက ပစ္စုပ္ပန်နဲ့သွားပြီးတည့်ကြလို့ “စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ”

မလာပေဘူးလား။ အဲဒီကျတော့မှ စက္ခုဝိညာဏ်လို့ ဝိညာဏ် မြင်စိတ်လေး ပေါ်လာတယ်။ အဲဒီမှာ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာတွေ ခွာကြရမယ်။ ဒီနှစ်ခုက ရူပက္ခန္ဓာဆိုတဲ့ ရုပ်တရားတွေ ဒီလေးခုက နာမက္ခန္ဓာဆိုတဲ့ နာမ်တရားတွေ ဒီတော့ သူတို့နှစ်ခုကအကြောင်းတရား သူတို့လေးခုကအကျိုးတရား။ ခန္ဓာငါးပါးလား၊ အကြောင်းအကျိုးလားလို့ မေးတဲ့အခါကျတော့ ဘယ်နှယ့်ဖြေမလဲ ဒါအကြောင်းအကျိုးပဲ။

အကြောင်းအကျိုးပဲရှိတယ်။ ဒီထဲက 'ငါ' ဘယ်ကမြင်ပါလိမ့်မတုန်း။ အကြောင်းအကျိုးသာရှိတယ်လို့သိသဖြင့် ဝိစိကိစ္ဆာသေးသွားပြီ၊ ပုဂ္ဂိုလ်သတ္တဝါမရှိတော့ဘူး။ ဟော့ဒီ အကြောင်းနှစ်မျိုး၊ အကျိုးလေးမျိုး ဒါပဲ ရှိတယ်။ ဒါပဲရှိတယ်ဆိုတော့ အကြောင်းအကျိုးသိရင် ငါဘယ်ကလာပါ လိမ့်မတုန်းဆိုတဲ့ ဒီအထဲမှာ ဒိဋ္ဌိကဝင်နိုင်သေးရဲ့လား။ မဝင်နိုင်ဘူး။ ဒါက ရုပ်တရားပဲ၊ ငါမရှုပ်နဲ့၊ ဒါကနာမ်တရားပဲ၊ ငါမရှုပ်စေနဲ့ဆိုတော့ အကြောင်းနဲ့အကျိုးသိတုန်းက ယုံမှားမိခြင်း ဝိစိကိစ္ဆာသေခဲ့ပါတယ်။ ဒီအကြောင်းနှစ်ကြောင်းကြောင့် ဒီအကျိုးလေးမျိုးသိတော့ ဝိစိကိစ္ဆာလာနိုင်သေးလား။ မလာနိုင်တော့ဘူး။ သိကြား၊ ဗြဟ္မာ၊ ဘုရားလာဖန်ဆင်းတာမဟုတ်ဘူး။

ဒါဖြင့် အကြောင်းအကျိုးသိတော့ ဝိစိကိစ္ဆာသေတယ်။ ဒါဟာ ရုပ်နဲ့နာမ်ပဲရှိတော့တယ်ဆိုတော့ ဒိဋ္ဌိဘယ်နေရာကခိုမတုန်း။ ဒီထဲ ငါပါသေးရဲ့လား။ မပါတော့ဘူးနော်။ ဒါဖြင့် ဒိဋ္ဌိကွာနေတယ်၊ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာကွာနေတယ်။ အကွာသုံးမျိုး ဟောရဦးမယ်။ သိကွာ၊ ကျင့်ကွာ၊ ပယ်ကွာ။

ဒါကသိကွာ။ နောက်ကျတော့ ကျင့်လို့ကွာရှိသေးတယ်။ နောက်ကျတော့ မလာနဲ့ဆိုတော့ အာဏာနဲ့ကို ပယ်ကွာတာရှိသေးတယ်။ အကွာသုံးမျိုး ဒိဋ္ဌိ-ဝိစိကိစ္ဆာကွာနည်း သုံးမျိုးရှိပါတယ်။ စုံအောင်ပြောရဦးမယ်။ ခင်ဗျားတို့ ကယ်တင်ရတာ လွယ်တယ်ထင်သလား။ ကျုပ် ဆန်အိတ်ပိုးချင်

သေးတယ်။ ဆန်အိတ်ပိုးတာက ဟိုနေရာချလိုက်ရင် ပြီးသွားတာပဲ။ ခင်ဗျား တို့ကို ပိုးရတာ လွယ်တာမဟုတ်ဘူး။

ဒါဖြင့် ရူပက္ခန္ဓာနှစ်ခုထိခိုက်တာနဲ့ နာမက္ခန္ဓာလေးပါးပေါ်တယ်။ လက်နှစ်ခုထိခိုက်တာနဲ့အသံပေါ်တယ်။ ဒီအတိုင်းပါပဲ။ ဒါဟာပစ္စုပ္ပန်လား အတိတ်လား အနာဂတ်လားလို့မေးရင် ပစ္စုပ္ပန်နော်။ ဒါဖြင့် ဒီပစ္စုပ္ပန်ခန္ဓာကို ခင်ဗျားတို့တွေ့ပြီ။ ကိုင်း နားဘက်က နားထောင်လိုက်တော့ ခုပန်ကာ လည်နေတယ်။ ရှဲရှဲရှဲရှဲနဲ့။ ကြားတဲ့နားနဲ့ ဟိုကအသံနဲ့ပေါင်းမိရုံနဲ့ ဝိညာဏ် နာမက္ခန္ဓာလေးပါးပေါ်ဦးမှာပဲ။ ကြားတဲ့အခါလဲ ခန္ဓာငါးပါးပေါ်ဦးမှာပဲ။

အနံ့ကလေးရှူတဲ့အခါ အရသာကလေးစားသောက်နေတဲ့အခါ ခန္ဓာငါးပါးပေါ်ဦးမယ်။ ဥပမာ-အထည်အလိပ် လက်နဲ့စမ်းနေတဲ့အခါ ငါးပါးမပေါ်ဘူးလား၊ ပေါ်တယ်နော်။ ကာယဒွါရမှာလဲပေါ်တယ်နော်။ မနောဒွါရက အိပ်ယာထဲမှာ မှိုင်တွေချ ကြံနေတဲ့အခါရော အဲဒီငါးပါး လှည့်ပေါ်တယ်။ ဒွါရခြောက်ပါးမှာ ငါးပါးပဲလှည့်ရမယ်။ ဒီငါးပါးချုပ်သွားရင် နောက်ငါးပါးနဲ့အသက်ရှင်တယ်။ မျက်လုံးပေါက်က ငါးပါးချုပ်သွားရင် နားပေါက်က ငါးပါးနဲ့အသက်ရှင်နေတယ်။ နားပေါက်က ငါးပါးချုပ်သွားရင် နှာခေါင်းပေါက်ကငါးပါးနဲ့အသက်ရှင်နေတယ်။ တစ်ခါတလေကျတော့ လျှာငါးပါးနဲ့အသက်ရှင်တာလဲရှိတယ်။ တစ်ခါတလေက ကိုယ်ပေါက်က ပေါ်တဲ့ငါးပါးနဲ့ အသက်ရှင်တာလဲ ရှိတယ်။ မနောပေါက်ကပေါ်တဲ့ ငါးပါးနဲ့ ရှင်တာလဲရှိတယ်။ ဒါဖြင့် ခန္ဓာငါးပါး တစ်နေ့ကို ဘယ်နှစ်ပတ်လှည့်သ တုန်း။ မရေတွက်နိုင်ဘူးနော်။ အဲဒီမရေတွက်နိုင်တဲ့ တစ်ပတ်တစ်ပတ်ကို ကျုပ်တို့က တစ်ဉာဏ် တစ်ဉာဏ်လိုက်ဖို့ အရေးကြီးတယ်။

တစ်ဉာဏ်တစ်ဉာဏ်လိုက်တော့ သေတာကိုမြင်ပြီပေါ့ဗျ။ ခန္ဓာငါးပါး သေရင် ကိုယ့်အသေကိုမြင်ပြီ။ မြင်လို့ရှိရင်သူများအသေမြင်တာလား၊

မိမိအသေမိမိမြင်တာလား။ ကိုယ့်အသေကိုယ်မြင်တာနော်။ သူများသေတာတော့ ခင်ဗျားတို့မသာပို့ဘူးပါတယ်။ ကိုယ်သေတာတော့ ဘယ်တော့မှမပို့ဖူးဘူး။ ကိုယ့်အသေကိုယ်မသိတော့ အင်မတန်ညံ့ရဲ့လို့ ရှင်းပြီလား။ ခင်ဗျားတို့ ဒီရောက်လာကတည်းက ညံ့တယ်လို့ယူပြီးသား။ နိဗ္ဗာန်မရသေးရင် အညံ့ချည်းပဲပေါ့။ ဒါဖြင့် တစ်နေ့ ခန္ဓာငါးပါး ဘယ်လောက်လည်တုန်း။ ကုဋေငါးထောင်ကျော်လည်နေတယ်။

ဒါဖြင့် ငါးပါးစလုံးလဲတာကိုတော့ ဘုန်းကြီးက ရှင်းပြလို့ ခင်ဗျားတို့စိတ်ထဲမှာကျေနပ်တယ်။ အဲဒီအသေပေါင်း မရေတွက်နိုင်တာကို အသေသိစေတဲ့ဉာဏ်က ရှုပေးစမ်းပါဆိုတာ ဝိပဿနာရှုခိုင်းတာ။ ကိုယ့်အသေကိုယ်ရှုခိုင်းတာ။ ဝိပဿနာဆိုတာဘာလဲ၊ ကုသိုလ်ရအောင်ရှုတာလား။ ကိုယ့်အသေ ကိုယ်ပြန်မြင်အောင် ရှုခိုင်းတာလား။ အဲဒါ မြင်အောင်ပြတာ။ ကိုင်း ဒါဖြင့်ကိုယ့်မသာ ကိုယ်ကြည့်၊ ဟော့ဒီမျက်လုံးထဲက မြင်စိတ်လေး ပျက်သွားတယ်။ ပျက်တာလေးကို နောက်ကဉာဏ်နဲ့ ကြည့်လိုက်တော့ ဒါဟာ ကိုယ်သေတာဆိုတာ ပေါ်လာတာပဲ။ ကိုယ်သေတာကိုမြင်လို့ရှိရင်ဖြင့် နောက်ဘာခန္ဓာလိုချင်သေးလဲ၊ သေရမှာကို မလိုချင်တော့ဘူး။ မလိုချင်ရင် မဖြစ်တော့ဘူး။ မဖြစ်တော့ အသေဇာတ်သိမ်းတယ်။

အသေဟာ ဒုက္ခသစ္စာ၊ မြင်တာကမဂ္ဂသစ္စာ။ သူလာတော့ ဒီကနောက်ထပ်လိုချင်တဲ့တဏှာက ကျုပ်ခိုပါရစေဦးလို့ ကပ်လို့ရသေးရဲ့လား မရတော့ဘူးနော်။ မဂ်ကဖြတ်တယ်။ နို့မို့လို့ရှိရင်“ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ”ဆိုတာ မလာဘူးလား။ “ဉပဒါနပစ္စယာ ကမ္မဘဝေါ” ဆိုတော့ အနာဂတ်အကြောင်း သူမလုပ်သေးဘူးလား။ တဏှာ၊ ဉပါဒါန်၊ ကံဟာ အနာဂတ်အကြောင်းပဲ။ ဟော့ဒီမဂ်က ဟောဒီ ပဋိစ္စသမုပ္ပါဒ်လာသမျှ အနာဂတ်တွေ ဖြတ်ချတယ်။ မဂ်ဆိုတာ အစွန်းနှစ်ဘက်၊ သူကတော့ ဒုက္ခ

သစ္စာကိုလဲသိတယ်၊ အနာဂတ် တဏှာကိုလဲဖြတ်တယ်။ အနာဂတ်ဘဝမှာ ဘာဒုက္ခသစ္စာပေါ်စရာ လိုသေးသလား။

ဒါဖြင့် ဒီအသေကိုမြင်ဖို့ရာ ဆရာကောင်း၊ သမားကောင်းမကပ်ရင် ခင်ဗျားတို့ နားလည်ဖို့ မလွယ်ဘူး။ ကိုယ့်အသေ ကိုယ်ရှုတာက ဝိပဿနာပဲ။ ဒါဖြင့် ရထားတဲ့ခန္ဓာကို သာယာပါဦးမလား၊ သာယာစရာ မရှိလို့ရှိရင် အဲဒီလိုမသာယာအောင် ဟော့ဒီမြင်တာလေးကလုပ်တာ။ ဒါဖြင့် မြင်တာလေးက မဂ်လို့ဆိုရင် ဒါဟာဝိပဿနာမဂ်ပဲ။

ဒီနေ့ ဒိဋ္ဌိ-ဝိစိကိစ္ဆာ အကြမ်းပဲသတ်ပေးမယ်။ ဉာတပရိညာပဲရှိ သေးတယ်။ တီရဏပရိညာပွားရဦးမယ်။ ပဟာနပရိညာနဲ့ပယ်ရဦးမယ်။ ဒီဝိပဿနာရှုလို့ရှိရင် မဂ္ဂင်ကငါးပါးနဲ့ရှုရတယ်။ သတိ၊ ဝီရိယ၊ သမာဓိနဲ့လဲ ရှုရတယ်။ အကြံကောင်းရော အမြင်ကောင်းရော ရှုမယ်ဆိုရင် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပနဲ့လည်း ရှုနိုင်တယ်။ အဲဒီ ငါးပါးက တဒင်္ဂသာပယ်နိုင်တယ်။ အမြစ်ပြတ်အောင် မပယ်နိုင်ဘူး။ ကိုင်း နာရီစေ့သွားပြီတော်ကြစို့။

(သာဓု၊ သာဓု၊ သာဓု)

## ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာပယ်ပုံ (၁၄. ၁၁. ၆၀)

သောတာပန်ဖြစ်ချင်ရင် ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာပယ်ရပါမယ်။ ဘယ်ဌာန ဘယ်နေရာမှာ ကပ်နေလို့ ဘယ်မှာပယ်ရမှာတုန်းဆိုတော့ ခန္ဓာငါးပါးမှာ ငြိနေပါတယ်။ ဒီခန္ဓာငါးပါးက ဘယ်လိုဖြစ်လာတယ်၊ ဘယ်လိုပျက်နေတယ် မသိလို့ရှိရင်လဲ ဘယ်နည်းနဲ့မှ မခွာနိုင်ဘူး။

ဒါကြောင့် ခန္ဓာ၏ဖြစ်ကြောင်းကို နားလည်ရမယ်။ ခန္ဓာဘယ်က စဖြစ်တာလဲ ပဋိစ္စသမုပ္ပါဒ်က စဖြစ်တယ်။ အဲဒီ ပဋိစ္စသမုပ္ပါဒ်ကို နားမလည်လို့ ရှိရင် ခန္ဓာမှာကပ်နေတဲ့ ဒိဋ္ဌိခွာနည်းရမှာမဟုတ်ဘူး။ ခွာနည်းမရခဲ့သည် ရှိသော် ကုသိုလ်တွေပြုလို့ သုဂတိရောက်လိုက် ဒိဋ္ဌိ-ဝိစိကိစ္ဆာကဆွဲချလိုက် အပယ်လေးပါးခံလိုက် ဒီလိုချည်းနေမှာပဲ။

ခင်ဗျားတို့သိတဲ့ ဒါနသီလဟာ ဒိဋ္ဌိမကွာဘူး။ ငါလုပ်ရင် ငါရမယ်ဆို တော့ စေတနာကို ငါစွဲ မစွဲကြဘူးလား၊ စွဲတယ်နော်။ ငါစွဲ, စွဲနေလို့ရှိရင် ဒိဋ္ဌိရောနေတဲ့ ကုသိုလ်ဆိုရင် လွဲပါ့မလား။ ဒိဋ္ဌိနဲ့ရောနေတဲ့ ကုသိုလ်ဆိုလို့ရှိ ရင်ဖြင့် ကုသိုလ်က အထက်ပို့တယ်၊ စွန်လွတ်သလိုပဲ ကြိုးအဆုံးတော့ တက်သွားတာပဲ။ ဒိဋ္ဌိဆိုတဲ့ ယောက်လုံးနဲ့ ရစ်ချလိုက်ရင် အောက်ပြန် ကျတယ်။ ဒိဋ္ဌိပါတဲ့ကုသိုလ်ဟူသ၍သည် ဆင်းလိုက်တက်လိုက်သာဖြစ်နိုင် သောကြောင့် လမ်းဆုံးမရောက်ဘူး။

ဒီတော့ ဒိဋ္ဌိခွာချင်လို့ရှိရင် ပဋိစ္စသမုပ္ပါဒ်ကို အရင်းကျကျနားလည် အောင်လုပ်ပါ။ ပစ္စုပ္ပန်ယခုရောက်ဆဲ ဖြစ်ဆဲပဋိစ္စသမုပ္ပါဒ်နားလည်မှသာ လျှင် ဒိဋ္ဌိ-ဝိစိကိစ္ဆာကွာမယ်။ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးနားလည် တော့မှ သြော် ဒီဟာတွေ သူလည်းမဟုတ်၊ ငါလည်းမဟုတ်၊ ရုပ်တွေနာမ် တွေပဲလို့သိမှ ဒိဋ္ဌိက ပြုတ်သွားပါလိမ့်မယ်။ ဒီအကြောင်းကြောင့် အကျိုး

ဖြစ်လာတယ်သိမှ ဝိစိကိစ္ဆာပြုတ်ပါတယ်။

ခန္ဓာ**(ဖြစ်ကြောင်း)**မသိလို့ရှိရင် **(ဝိစိကိစ္ဆာ)**ကပ်လိမ့်မယ်။ ခန္ဓာ **(ဖြစ်ကျိုး)** မသိလို့ရှိရင် **(ဒိဋ္ဌိ)**ကပ်လိမ့်မယ်လို့ မှတ်ပါ။ **ဒီနှစ်လုံးနဲ့ပိုင်**ပါပြီ။ အလာကြီးလာရပြီး စူဠသောတာပန်အခြေနေမရောက်ပဲနဲ့ မပြန်ကြပါနဲ့။ မဟာသောတာပန်ဆိုတာ ခင်ဗျားတို့ပွားယူရမှာ ဘုန်းကြီးက ရော့ကနဲ ပေးလို့မရဘူး။ ကဲဒါဖြင့် ဒိဋ္ဌိဖြစ်ကြောင်း ခန္ဓာဖြစ်ကြောင်းကို နှစ်လုံးထဲပဲ မှတ်စမ်းပါ။ ခန္ဓာဖြစ်ကြောင်းသိရင် ဝိစိကိစ္ဆာသေတယ်။ ဖြစ်ကြောင်းကြောင့် အကျိုးဖြစ်လာတယ်လို့သိရင် ဒိဋ္ဌိသေတယ်။

ကဲဒါဖြင့် ဒိဋ္ဌိရှိရင် တဏှာလာမယ်၊ တဏှာလာရင် ဥပါဒါန်လာမယ်၊ ဥပါဒါန် လာရင် ကံလာမယ်၊ ကံလာရင် ဇာတိ၊ ဇရာမရဏက လွတ်ပါဦး မလား။ ကဲ ဘယ်သူကြောက်စရာ အကောင်းဆုံးလဲသိပြီလား။ ကိုင်း ဒါဖြင့် အရင်း ကျကျပြောကြစို့။ ကျုပ်တို့ အလုပ်ခွင်ဝင်လာမဲ့ ပဋိစ္စသမုပ္ပါဒ်က ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်။ ဒီပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်သည် ယခု မြင်တဲ့အခိုက် ကြားတဲ့ အခိုက်ပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်။ ဒါကအဆင်းရူပါရုံ၊ အဆင်း မျိုးစုံပေါ့၊ ဒါက ကံကလုပ်လိုက်တဲ့ မျက်စိပသာဒအကြည်ရုပ်။ ဒီတော့ဟာ ဒါမှန်နဲ့ လူနဲ့ တည့်တဲ့အခါ အရိပ်မပေါ်ဘူးလား၊ ပေါ်ရမယ်။ မပေါ်ပါနဲ့ ဆိုလို့မရ တော့ပေါ်တယ်။ ပါဠိလိုသုံးတော့ 'စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ' ပေါ်မှာပဲ။ နာမက္ခန္ဓာလေးပါးပါ ပေါ်တယ်နော်။

ဒါဖြင့် ခန္ဓာဖွဲ့ကြစို့။ ဒါကပဋိစ္စသမုပ္ပါဒ်။ ဒါကကျတော့ ပဋိစ္စသမုပ္ပန္န လို့ခွဲမှတ်လိုက်ကြပါ။ သူကဖြစ်ကြောင်းနှစ်ခု ဖြစ်ကျိုးလေးခုရှိတယ်။ ဖြစ်ကြောင်းက နှစ်ခုပေါင်းမှ ဖြစ်ကျိုးလေးခုဖြစ်တယ်။ နှစ်ခုကအကြောင်း၊ လေးခုကအကျိုး သေသေချာချာမှတ်ထားပါ။ ဒါဖြင့် ဒါလေးကြည့်လိုက်ပါ။ ယခုပေါ်တဲ့ပဋိစ္စသမုပ္ပါဒ်။ အိမ်ကပါလာတာမဟုတ်ဘူး။ ကောင်းပြီး ဒါဟာ

ယခုရောက်ဆဲ ပဋိစ္စသမုပ္ပါဒ်ပဲ။ ရောက်ဆဲ ပဋိစ္စသမုပ္ပါဒ်ဆိုတော့ ရုပ်နှစ်ခု၊ နာမ်လေးခု ပေါင်းလိုက်တော့ ရုပ်နှစ်ခုက ရူပက္ခန္ဓာ။ နာမ်လေးခုက နာမက္ခန္ဓာလေးပါး၊ ပေါင်းလိုက်တော့ ဒါဟာ အခုဖြစ်နေဆဲ ခန္ဓာငါးပါးရတယ်။ဖြစ်ဆဲအသစ် ဒါကို ကျုပ်တို့က ဂရုစိုက်ရမယ်။ ဒါဖြင့် ဒီခန္ဓာငါးပါး သိသွားပြီ။ ပစ္စုပ္ပန်ခန္ဓာငါးပါး၊ ရောက်ဆဲခန္ဓာငါးပါး၊ ဖြစ်ဆဲခန္ဓာငါးပါးကို ဘုန်းကြီးကငါ့တရားဟာ ဘုရားဟောတော်မူတဲ့ တရားအရင်းတော့ ကျသွားပြီ။

နို့မဟုတ်ရင် ခင်ဗျားတို့မှာ သဿတဒိဋ္ဌိက ခံနေမယ်။ ကျုပ်မသေသေးဘူးဗျ၊ အသက်(၅၀)ကျော်လာပြီ၊ အရင်အတိုင်းပဲ၊ အဲဒါ သဿတဒိဋ္ဌိ။ အဲဒါဖြုတ်နေတာ။ ဩော် ငယ်ငယ်တုန်းကလဲဒီလိုပဲ၊ ခုလဲဒီလိုပဲဆိုတော့ ဘာဒိဋ္ဌိဖြစ်နေလဲ၊ သဿတဒိဋ္ဌိဖြစ်နေတယ်။ အဲဒီဒိဋ္ဌိဟာ အခုဖြစ်ဆဲခန္ဓာငါးပါးကို ကျကျနနသဘောမကျလို့ သူရှိနေတာ။

ဒါဖြင့် သဿတ ဘာနဲ့ဖြုတ်လိုက်တုန်းဆိုတော့ ဟော့ဒီအကြောင်းနှစ်ခုကြောင့် အကျိုးလေးခုဖြစ်တယ်။ **(အသစ်ကွ)** အသစ်ကွဆိုပြီး တစ်တိုတစ်ဆမျှ နောက်က မပါခဲ့ဘူးဆိုတာ သေချာတယ်။ သေချာတော့ နောက်ကဟာတွေနဲ့ဘာမှ ကျုပ်သည်ကားဆိုရင်ဖြင့် အဆက်အသွယ်မရှိဘူးလို့ ဒီလိုလဲမယူပါနဲ့။ အဆက်အသွယ်နဲနဲတော့ရှိတယ်။ အဲလိုမှ မရှိဘူးဆိုရင် ဥစ္ဆေဒဘက် ခင်ဗျားတို့ပြေးမယ်။

အခု သဿတ စင်အောင်လုပ်တော့ ဥစ္ဆေဒဘက် ခင်ဗျားတို့သွားကပ်မယ်။ ရှင်းပြီလား။ သဿတတော့စင်မသွားဘူးလား၊ ဟိုကပါလာတာမဟုတ်ဘူး။ အဲဒီတော့ ဒါအသစ်လို့မဆိုနိုင်ဘူးလား၊ အသစ်ခန္ဓာငါးပါးဆိုကတည်းက သဿတ ခိုင်မြဲတာချည်း မပါတော့ဘူးနော်။ သဿတကတော့စင်သွားပြီ၊ အမေမွေးလာတာ ဒီထဲမှာ တစ်တိုတစ်ဆပါသေးရဲ့လား။ အခုမှအသစ်ပေါ်တဲ့ခန္ဓာငါးပါး။ ဒါဖြင့် နဂိုထင်နေတာတွေက (ကျုပ်ငယ်ရာက

ကြီးလာတယ်)ဆိုတာ ဟုတ်သေးရဲ့လား။ အဲဒါ သဿတကိုးဗျ။ ဒါသိသွား လို့ရှိရင် ယခုရောက်ဆဲ ခန္ဓာငါးပါးကိုသိတော့ ဘုန်းကြီး ဘာဟောနေတာ ပါလိမ့်ဆိုပြီးတော့ လက်သည်မရှာနဲ့ သဿတဒိဋ္ဌိကို သတ်နေတာ။

ဒါဖြင့် အခုမှပေါ်တဲ့ ခန္ဓာငါးပါးသိရတဲ့အတွက် ဘာဒိဋ္ဌိသေတုန်းဆို တော့ သဿတ သေတယ်။ ဥစ္ဆေဒ ကျန်နေသေးတယ်။ အခုမှအသစ်ဆို တော့ ဟိုဟာတွေနဲ့ မဆက်သွယ်တော့ဘူးဆိုတော့ ဥစ္ဆေဒဖြစ်မနေဘူး လား။ ဒိဋ္ဌိက ဟိုကပ်ဒီကပ်နဲ့ လူ့လွယ်အိတ်ဖြစ်နေတယ်။ လူ့လွယ်အိတ်ဆို တာ ဒီဘက်ပခုံးချိတ်လိုက်ရင် ဒီဘက်ခါးကပ်နေတယ်။ ဟိုဘက်ပခုံးချိတ် လိုက်ရင် ဟိုဘက်ခါးကပ်နေပြန်တယ်။

အခုတော့ သဿတစင်သွားပြီ။ ဥစ္ဆေဒကကပ်နေတယ်။ ဒါကြောင့် ဒီတရားမျိုးဟောရတာ ကျုပ်ဆန်အိတ် ပိုးချင်သေးတယ်၊ ဟိုဟာက သက်သာ တယ်။ ဥစ္ဆေဒခွာတော့မယ်လို့ပြောတာ။ ဖြစ်ပျက်မပါပဲနဲ့ကွာတာ အသိနဲ့ ကွာတာလို့မှတ်ကြ။ ဥစ္ဆေဒ အသိနဲ့ကွာအောင်လုပ်ပေးဦးမယ်။ ဒါက မျက်လုံး အကြည်ရုပ်နဲ့ ရူပါရုံဆိုတာလဲ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ကြောင့် ဖြစ်တဲ့ရုပ်။ ဒါကတော့ အာရုံ-ဒွါရကြောင့်ဖြစ်တဲ့ နာမ်။

ဒါဖြင့် ဒီရုပ်နာမ်ဟာ အကြောင်းကင်း၍လဲ ဖြစ်နိုင်ပါ့မလား။ မဖြစ်နိုင်ဘူး။ ဒါဖြင့်ရင်အကြောင်းနဲ့အကျိုး ဆက်သွယ်သေးတယ်ဆို တော့ ဥစ္ဆေဒဒိဋ္ဌိလွတ်မသွားဘူးလား။ လွတ်တယ်နော်။ ဒါနဲ့ အထုပ်အထည် လို့မနေ့ကပြောတယ်နော်။ ဥတုတည်းဟူသော အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရားတွေဆိုတော့ အကြောင်းအကျိုး ပြတ်နေတဲ့တရားလို့ မဆိုရဘူးနော်။ ဒါဖြင့် ကံနဲ့ဥတုကြောင့် ဒီနှစ်ခုပေါင်းပြီး လုပ်လိုက်တဲ့ အကျိုးတရားဆိုရင်ရော လွဲပါ့မလား။

မလွဲတော့သူတို့ဖြစ်လာတာလဲ နောက်ကြောင်းလုံးဝကင်းသလားလို့

မေးလိုက်ပြန်တော့ မကင်းဘူး။ မကင်းခြင်းကြောင့် ဥစ္ဆေဒကလဲ လွတ်သွားတယ်။ အကြောင်းကင်းတယ်ဆိုရင် ဥစ္ဆေဒဖြစ်မှာပဲ။ မကင်းခြင်းကြောင့် ဒီခန္ဓာငါးပါးပေါ်မှာ ခင်ဗျားတို့ နောက်ကပါလာတဲ့ နာမ်ရုပ်လို့လဲ ဆိုလို့မရဘူး။ နောက်က အကြောင်းကင်းသလားလို့ မေးပြန်တော့လဲ မကင်းဘူး။ ဒီနှစ်ခုနားလည်လို့ရှိရင် ဒီခန္ဓာငါးပါးပေါ်၌ သဿတ၊ ဥစ္ဆေဒလွတ်သွားပြီ။ ဒါမှ ဒီခန္ဓာငါးပါးမှာ ဖြစ်ပျက်မြင်ပြီး နိဗ္ဗာန်ဝင်ရမှာ။

ဒီခန္ဓာငါးပါးဟာ သဿတကြောင့် ဖြစ်တာလဲမဟုတ်၊ ဥစ္ဆေဒ အကြောင်းကင်းပြီးဖြစ်တဲ့ ခန္ဓာငါးပါးလဲမဟုတ်ဘူး။ ဒါဖြင့် အခုခင်ဗျားတို့ သဿတ၊ ဥစ္ဆေဒစင်သွားပြီ။ ဒါဖြင့် ဒိဋ္ဌိကွာပြီလို့ဆိုရင် ဘုန်းကြီးကရှေ့တက်ပေးမယ်။ သဿတ၊ ဥစ္ဆေဒ ဆိုတာ သက္ကာယဒိဋ္ဌိက ပွားလာတာ။ ဒါဖြင့် သဿတ၊ ဥစ္ဆေဒနှစ်ပါး ယခုရောက်ဆဲခန္ဓာငါးပါး ဖြစ်ဆဲခန္ဓာငါးပါးမှာ ဘယ်အချိန်ဖြစ်ဖြစ် သဿတနဲ့ဥစ္ဆေဒ မလာစေနဲ့။ သက္ကာယဒိဋ္ဌိတစ်လုံးရှိရင် (၆၂)ပါးသောဒိဋ္ဌိတို့ကို ခင်ဗျားတို့ ယူချင်တာ ယူပစ်နိုင်တယ်။

ကောင်းပြီ ဒါဖြင့် ဒီက စက္ခုပသာဒနဲ့ ရူပါရုံကြောင့် နာမက္ခန္ဓာလေးပါးဖြစ်တယ်။ ဒါဖြင့် ဒီနှစ်ခုကိုအကြောင်းလို့ ဆိုပြီး ဒီလေးခုကအကျိုးလို့ဆိုနိုင်တယ်။ ဒါဖြင့် အကြောင်းအကျိုးပဲရှိတယ်။ အကြောင်းမရှိလို့ရှိရင် အကျိုးက မပေါ်နိုင်ဘူး။ ဒါကြောင့် အကြောင်းအကျိုးပဲရှိတယ်လို့ ချုံးလိုက်ပါ။ ဘယ်ခန္ဓာပဲဖြစ်ဖြစ် အကြောင်းအကျိုးချည်းပဲ ဆိုနိုင်တယ်။ ကမ္ဘာတစ်ဝန်းလုံးဖြန့်လိုက်ပါ။ ယောကျ်ားတွေလား၊ မိန်းမတွေလား၊ အကြောင်းအကျိုးတွေလားဆိုရင် အကြောင်းအကျိုးတွေပဲနော်။ ဒါဖြင့် ခင်ဗျား ဘယ်ကလာပါလိမ့်ဆိုတဲ့ ဝိစိကိစ္ဆာရှိသေးရဲ့လား။

ကိုင်း ဒါဖြင့်မေးဦးမယ်၊ ဟော့ဒီအကြောင်းဟာ အာရုံဆိုသောကြောင့် အာရုံဆိုတာသိပြီးသားဖြစ်နေတယ်။ ဒီအကြောင်းတရားကလဲ ရုပ်တရား၊

ဒါကနာမ်တရား၊ ရုပ်ထဲမှာ ငါပါသေးလား။ ဒီအကျိုးဖြစ်တဲ့ နာမက္ခန္ဓာလေးပါးထဲမှာရော ငါပါသေးလား၊ မပါဘူး။ ဒါဟာ ဒိဋ္ဌိစင်ပြီ။ ငါမပါဘူးလို့ သေသေချာချာသိလို့ပဲ။ အကြောင်းနဲ့အကျိုးပေါ်နေတယ်ဆိုတော့ ဒိဋ္ဌိ-ဝိစိကိစ္ဆာ တဒင်္ဂတော့သေပါပြီ။ တဒင်္ဂသေမှာပဲ ဉာတရှိသေးတာ၊ တီရဏတောင် တဒင်္ဂရှိသေးတယ်။ ပဟာနကျမှ အကုန်သေမှာကိုး ဗျ။ တီရဏကျအောင်တော့ ကျုပ်လမ်းပြပေးမယ်။ ပဟာနကျတော့ ကိုယ့်ဟာကိုယ်သွားယူရမယ်။

ဒါဖြင့် ဒီခန္ဓာငါးပါးဟာ ယခုပစ္စုပ္ပန်ပေါ်တဲ့ခန္ဓာငါးပါး၊ ဒိဋ္ဌိဘယ်ကပ်နေမတုန်းဆိုတော့ ပဉ္စက္ခန္ဓာမှာကပ်နေတယ်။ အဲဒီ ပဉ္စက္ခန္ဓာ ဘာကြောင့်ကပ်တာလဲဆိုတော့ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးနားမလည်လို့ကပ်တာ။ အကြောင်းအကျိုးနားလည်မယ်ဆိုရင် ပဉ္စက္ခန္ဓာဟာ ပဉ္စက္ခန္ဓာပဲဖြစ်တော့တယ်။ ငါမပါတော့ဘူး။ ဒိဋ္ဌိ-ဝိစိကိစ္ဆာကို ဉာတနဲ့ပြုတ်တယ်။

ခန္ဓာငါးပါးမှတစ်ပါး ဝိပဿနာရှုစရာ မရှိဘူး။ ခန္ဓာငါးပါးကို ချုံ့လိုက်ရင် ရုပ်နဲ့နာမ်ပဲရှိတယ်။ ရှင်သာရိပုတ္တရာက ရှင်မဟာကောဋ္ဌိကကို ဟောလိုက်တယ်၊ ရုပ်ရှုရင် နာမ်ပါတယ်၊ နာမ်ရှုရင် ရုပ်ပါတယ်လို့ ဟောလိုက်တယ်။ ရုပ်ရှုရင်နာမ်ပါတယ်။ နာမ်ရှုရင်ရုပ်ရောပါတယ်ဆိုတော့ ဒါဟာ ဝိညာဏ်ထားလိုက်တော့၊ ဒါကနာမ်ရုပ်။ ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်ရွတ်ကြည့်ပါလား၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာဝိညာဏံ၊ နာမ်ရုပ်ကြောင့် ဝိညာဏ်ဖြစ်တယ်။ ဒါဖြင့် ဝိညာဏ်ယူလိုက်တော့ နာမ်ရုပ်ကကျန်ရစ်ခဲ့လား၊ မကျန်ရစ်ဘူး။ အကုန်ပါတယ်။ ဥပမာ-ဝါးလုံးနှစ်လုံးကို အစွန်းချင်း အဖျားခြင်း တေ့နေတယ်၊ တစ်ဖက်ဆွဲရင် တစ်ဖက်မလဲဘူးလား။ လဲတယ်၊ အဖျားခြင်းတေ့နေတာကိုး။ သူတို့က အညမညတွေ တစ်ခုလဲရင် တစ်ခုလဲမယ်။

တစ်ခုပျက်ရင် ကျန်တာတွေ အကုန်ပါသွားတယ်ဆိုတော့ ဘုန်းကြီးက တစ်ခုရှုခိုင်းတာ သဘောပေါက်ပြီလား။ ဝိညာဏ်ရှုရင် နာမ်ရုပ်ပါလာမယ်။ နာမ်ရုပ်ရှုရင် ဝိညာဏ်ပါလာမယ်။ ပဋိစ္စသမုပ္ပါဒ်နဲ့ကိုးရင် 'ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ ဝိညာဏံ'၊ 'ဝိညာဏနိရောဓာ နာမရူပနိရောဓော' မဖြစ်ဘူးလား၊ ဝိညာဏ်ချုပ်သွားပြီ နာမရူပက ကျန်နေဦးမှာလား။ နာမရူပနိရောဓာ ဝိညာဏနိရောဓောဆိုတော့ ဒီကနာမ်ချုပ်ချုပ် ရုပ်ချုပ်ချုပ် ဒီဝိညာဏ်က ကျန်ရစ်ဦးမှလား။ ဒီတော့ တစ်ခုရှုလိုက်ရင် မပြီးဘူးလား။

ခန္ဓာငါးပါးပြန်ကောက်ကျစို့။ ခန္ဓာငါးပါးကိုတော့ ပစ္စုပ္ပန်ခန္ဓာငါးပါး သိပြီ။ ခင်ဗျားတို့က ဟိုကုမ္ပဏီထောင် ဟိုအေးဂျင့်တွေထောင် အဲဒါဘာလုပ်ဖို့တုန်း ကျုပ်ကမေးရလိမ့်မယ်'ဘာနဲ့စားမတုန်းဘုရား၊ ဘာနဲ့လှူမတုန်း ဘုရား' အဲဒါဆင်ခြေပဲ။ ဘာစားမတုန်းဆိုတော့ ဘယ်သူက စားတာတုန်း ဆိုတော့'ဒီခန္ဓာကြီးရှိနေရင် ကျွေးရဦးမှာဘုရား'ဆိုတော့ ခုနခန္ဓာကြီးထဲမှာ ဝေဒနာက္ခန္ဓာပါနေတယ်။ ဝေဒနာပစ္စယာတဏှာကြောင့် ခင်ဗျားတို့လိုင်စင်ယူရတာ။ ဝေဒနာပစ္စယာ တဏှာ ဒီခန္ဓာငါးပါးထဲမှာပါသွားပြီ။

ဩော် ခင်ဗျားတို့က ဒီတဏှာနဲ့လိုင်စင်ယူတာ ယူထားတာကိုး။ ဒီတဏှာ ဘယ်ကလာသလဲမေးတော့ ခန္ဓာကျွေးဖို့။ ဘယ်အကျိုးငှာ ရချင်တာတုန်း ဆိုတော့ ဝေဒနာက္ခန္ဓာအကျိုး၊ အဲဒီဝေဒနာက္ခန္ဓာကို ပြုစုချင်လို့ ဝေဒနာပေါ်ချင်တာဆိုကြပါစို့။ ခုပေါ်တဲ့ဝေဒနာကို သူမကျေနပ်ဘူး။ နောက်ထပ်ဝေဒနာအသစ်ပေါ်ချင်လို့ နေ့တိုင်းစားချင်လို့ပေါ့။ ဒါဖြင့် တဏှာပစ္စယာ ဥပါဒါန်ပါလာတော့မှာနော်။ ဒီတော့ သူဘာလုပ်မတုန်း အလုပ်ပါးလို့ရှိရင် သတင်းစာတိုက်သွားပြီးတော့ သူကုန်ရောင်းစရာရှိပါတယ်၊ ကာယကံနဲ့ လည်းသွားလိမ့်မယ်။ ဝစီကံနဲ့လဲသွားပြီးသကာလ ရေဒီယိုကနေ အော်ချင်အော်မှာ။ ကမ္မဘဝမဖြစ်ဘူးလား။ ကာယကံဆိုတော့ ကမ္မဘဝပဲ။

ဝစီကံကော ကမ္မဘဝဖြစ်သွားတယ်။ ကံသစ်လား ကံဟောင်းလားလို့ မေးလိုက်တော့ ပစ္စက္ခုကံသစ်ပေါ့။ အိမ်ကပါလာတဲ့ကံလား၊ အခုမှ တဏှာ ဥပါဒါန်ကြောင့် ဖြစ်တဲ့ကံလား။ တဏှာ ဥပါဒါန်ကြောင့်ဖြစ်တဲ့ကံ ပစ္စုပ္ပန်ကံ။

ဒီပစ္စုပ္ပန်ကံ ဘယ်ကပေါ်သတုန်း။ ပစ္စုပ္ပန်ခန္ဓာ ကျွေးချင်လို့၊ ပစ္စုပ္ပန်ခန္ဓာလှချင်ပချင်လို့ ဒါကံအသစ်ကလုပ်တယ် မဆိုနိုင်ဘူးလား။ ဩော်ခင်ဗျားတို့ ဘာတွေလုပ်နေတုန်းလို့မေးရင် ကံတွေလုပ်နေတယ်လို့ ကျုပ်က ဖြေပေးလိမ့်မယ်။ နေ့တိုင်းခင်ဗျားတို့ ကံတွေလုပ်နေတယ်။ ကံပေါင်းတစ်နေ့ ခင်ဗျားတို့ ဘယ်လောက်ရှိတုန်း။ မရေတွက်နိုင်ဘူး။ ဝေဒနာပစ္စယာ (တဏှာ)၊ တဏှာ ပစ္စယာ(ဥပါဒါန်)၊ ဥပါဒါနပစ္စယာ (ဘဝ)။ ကံက ကာယကံ၊ ဝစီကံ၊ မနောကံ ပြုံးမနေကြပါနဲ့။ ခင်ဗျားတို့ပြုံးချိန် တစ်ယောက်မှ မပါသေးပါဘူး။ ဒီကံပျက် သွားရင်ပြုံးတော့ ရှင်းပြီလား။ ခန္ဓာလိုချင်တဲ့ ကံဆိုတော့ ခန္ဓာတွေ မနဲမရပေဘူးလား။ ဒါဖြင့် ကောင်းပြီ ကံဖြတ်အလုပ်ကို သူမလုပ်ဖူးသေးဘူး။ လုပ်ရကောင်းစေ မသိတဲ့အပြင် ကံကောင်းရင်ပြီးတာပဲ ဆိုပြီး ကံကောင်းအောင် ထပ်လုပ်နေလိုက်သေးတယ်။ ခင်ဗျားတို့က ကံသာ အမိ ကံသာအဖကို သဘောကျနေတယ်။ ဘုရားက ဉာဏ်သာအမိ ဉာဏ်သာ အဖကို ကျေနပ်တယ်။ ခင်ဗျားတို့က ဘာသဘောကျနေလဲ ကံကိုသဘော ကျတယ် မဟုတ်လား။ ဘုရားက ဉာဏ်မိဉာဏ်ဖ ဆိုတယ်။ နိဗ္ဗာန်သွားရမှာ ကဉာဏ်နဲ့သွားရမှာ ကံကိုအားကိုးလို့မရဘူး။ ကဲဒါဖြင့် တော်ကြဦးစို့။

(သာဓု၊ သာဓု၊ သာဓု)

## စိတ်၏အလိမ်မခံရဖို့အရေးကြီးပုံ
## (၅. ၁. ၆၁)

ဓမ္မာရုံဆိုတာ တွေးမှပေါ်တဲ့အာရုံကို ဓမ္မာရုံလို့ခေါ်တယ်။ ဟဒယ ဝတ္ထုကိုမှီဖြစ်တဲ့ မနောအကြည်ဆိုတာရှိတယ်။ ဒီအကြည်နဲ့ ဒီကတွေး စရာအာရုံနဲ့ သွားတည့်လို့ရှိရင် တစ်ခါတည်း ကြံစိတ်ပေါ်လာတာပဲ။ ဆင်ခြင်တဲ့ အာဝဇ္ဇန်းကလေးလဲရှိမှ ဓမ္မာရုံလဲရှိမှ အကြည်ကလည်း သူ့ဘက် လှည့်ထားမှ တစ်ခါတည်း တွေးစိတ်ပေါ်လာတာပဲ။ ဒီတွေးစိတ်ကလေးက အကြောင်းသုံးကြောင်းကြောင့်ပေါ်လာတာ။ စိုးရိမ်စရာဘက်ကို ဒီအကြည် မှန်လှည့်လိုက်ရင်လဲ ကြောင့်ကြစရာနဲ့သွားတည့်ရင် ကြောင့်ကြစိတ်ပေါ် လာတာပဲ။

ဒီစိတ်တွေဟာ အလိုလိုပေါ်လာတာလားလို့စစ်တော့ အကြောင်း သုံးပါးသွားတွေ့တယ်။ ဒါကြောင့် ဒီစိတ်ကို ငါ့စိတ်ပဲလို့ ဒိဋ္ဌိနဲ့စွဲလို့ရပ့ါ မလား။ ဒိဋ္ဌိစွဲလို့မရပါဘူး။ ဒါစိတ်ကို ငါလုပ်ထားတဲ့စိတ်လို့ ဒိဋ္ဌိစွဲလို့မရ ဘူး။ ဒါစိတ်ကို ငါလုပ်ထားတဲ့စိတ်လို့ မဆိုသာသောကြောင့် ဝိစိကိစ္ဆာလဲ ကွာတယ်။ ပေါ်တာလေးကို ကြည့်လိုက်၊ ဘယ်ကနေပေါ်မှန်းမသိဘူး။ ပြီးတော့ဖြတ်ဆို ဘယ်ပျောက်မှန်းမသိဘူး။ ဒီစိတ်ဟာ အကြောင်းတိုက် ဆိုင်တုန်း ပေါ်လာပြီး အကြောင်းကင်းတာနဲ့ ပျောက်သွားတာပဲ။ ဒါကြောင့် ကုန်တတ်ပျောက်တတ်တဲ့သဘောရှိတယ်။ ဒါကြောင့် ဒီကုန်တတ်၊ ပျောက်တတ်တဲ့သဘောကို ငါလို့ ဆိုလို့ရပ့ါမလား။ မရပါဘူး။ ဒါကြောင့် အကြောင်းသုံးပါး ပြည့်စုံလို့ဖြစ်ရတာ။ ငါစွဲစရာမရှိဘူး။ ဒါဆိုရင် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ အကြမ်းပြုတ်တယ်။

လောကကြီးကို ဘယ်သူက ပြုပြင်တာတုန်းဆိုတော့စိတ်ကပြုပြင် ပါတယ်။ ဘယ်လိုစိတ်လဲဆိုတော့ မနောဝိညာဏ်စိတ်က ပြုပြင်တာ။

နတ်ပြည်ရောက်သွားတာလဲ မနောဝိညာဏ်စိတ်ပဲ။ လှချင်မလှချင်တာလဲ ဒီစိတ်ပဲ။ အရုပ်ဆိုးဖြစ်ချင်တော့ သူတစ်ပါးကို ရိုက်နှက်၊ ဣဿာမစ္ဆရိယ အားကြီးတဲ့စိတ်ဆိုတော့ အရုပ်ဆိုးတာပါ။ သန့်သန့်ရှင်းရှင်းလှူတော့ သန့်သန့်ရှင်းရှင်းဖြစ်တာပေါ့။ နောက်ဘဝမလိုခြင်ဘူး၊ နိဗ္ဗာန်လိုချင် တယ်ဆိုတာလဲ ဒီစိတ်ပဲ။ ဒီမနောဝိညာဏ်စိတ်ကို ဖြစ်ပျက် ရှုပေးရမှာပါ။ လောကဇာတ်သိမ်းရင်လဲ ဒီစိတ်ပဲ။ လောကကို အကျယ်ချဲ့ရင်လဲ ဒီစိတ်ပဲ။ ဒါကြောင့် ကံကတော့ ရုပ်နာမ်ပဲဖြစ်တယ်၊ လှတယ်၊ မလှဘူး၊ အရုပ်ဆိုးတယ်၊ မဆိုးဘူးဆိုတာကတော့ အချယ်အလှယ်စိတ်တွေကြောင့်ဖြစ်ရတာ။ ဒါကြောင့် မှန်အကြည့်တည့်တဲ့စိတ်က နိဗ္ဗာန်ဆောင်ပြီး၊ မှန်အကြည့် မတည့်တဲ့ကံက ရုပ်နမ်ဖြစ်အောင် လုပ်လိုက်တာဘဲ။ ဒါဖြင့် အခြယ်အလှယ် တွေကတော့ စိတ်ကလုပ်တာပါ။ "စိတ္တေန နိယျတိလောကော" စိတ္တေန- စိတ်သည်၊ လောကော-လောကကြီးကို နိယျတိ-ပြုပြင်ဆောင်နေ၏။

ဒါကြောင့် စိတ်က နောက်လှည့်ဆိုရင် လှည့်ရတယ်။ ရှေ့သွားဆိုရင် သွားရတယ်။ ဥဒုံ-ဘုံတွေပေါက်တာလဲ စိတ်ကပေါက်ချင်တာနဲ့ ပေါက် သွားတာပါ။ ဘဲဖြစ်ချင်လို့ဘဲဖြစ်တာပဲ၊ ကြက်ဖြစ်ခြင်စိတ်ကြောင့် ကြက်ဖြစ်တာပါ။ ကံကတော့ ရုပ်နာမ်ထည့်ပေးလိုက်တာပဲ။ ဒါကြောင့် လောကကြီး ဘယ်သူဖန်ဆင်းတာလဲဆိုတော့ ဘယ်ထာဝရဘုရားကမှ ဖန်ဆင်းတာမဟုတ်ဘူး၊ စိတ်အစဉ်အလိုက် အတိုင်းဖြစ်နေတာ။ စိတ်အ လိုက်၊ ဥတုအလိုက်၊ ရာသီအလိုက်ဖြစ်ကြတာ။ ဥတုအလိုက် အဖြူအမဲ တွေဖြစ်နေကြတာပါ။ ဒါကြောင့် ပုံသဏ္ဌာန်အမျိုးမျိုးဖြစ်ကြတာက စိတ် ကြောင့်ပါပဲ။ ဒါကြောင့် စိတ်တစ်လုံးကို နိုင်အောင်လုပ်ကြပါ။ ကောင်းတဲ့ စိတ်သာ ပေါ်အောင်လုပ်ကြပါ။ စိတ်ကို သားသမီး ဘက်လှည့်လိုက်လျှင် ဟုတ်မှဟုတ်ပါ့မလားဆိုတဲ့ ပူပင်စိတ်တွေဖြစ်လာတယ်။ ဒီစိတ်ကို

ကိုယ့်ခန္ဓာဘက်လှည့်ပြီး ဒုက္ခသစ္စာတွေသိကြတဲ့ စိတ်ကိုပေါ်အောင်လုပ်ရမယ်။ ဒါကြောင့် စိတ်ဟာ ဥတုကြောင့်ကျတဲ့ချွေးက နဲတယ်။ စိတ်ကြောင့်ကျတဲ့ချွေးကများတယ်။ ဘာကြောင့်လဲဆိုတော့ စိတ်က မကောင်းတဲ့ဘက်လှည့်လို့ မကောင်းတာတွေသိပြီး မြင်ပြီး တွေးပြီး စိုးရိမ်စိတ်တွေကြောင့်ဖြစ်ရတာပါ။ စိတ်ကို အလှည့်လွဲလို့ ဖြစ်ကြတာပါ။ ဒါကြောင့်စိတ်အလှည့်လွဲတာက တစ်၊ စိတ်စီမံခံရတာက နှစ်ဖြစ်တာပါ။ ဒါကြောင့်လောကကြီးက စိတ်စီမံတာ ခံနေကြရတာပါ။

မနောဝိညာဏ်စိတ်ကို ဒီနေ့ဟောနေတာပါ။ မနောဝိညာဏ်သည်ဇ္ငင်း၊ မနောဝိညာဏ်စိတ်သည်ဇင်း အလွန်ကျယ်ပါတယ်။ ဒါကြောင့် ကံကလည်း ဆန်းကြယ်တယ်။ စိတ်ကလည်း ဆန်းကြယ်တယ်။ ဒီကံတွေကလည်းစိတ်နဲ့တွဲပြီးနေတာကိုး။ ဒီကံရော စိတ်ရောမရှိမှ ဆန်းကြယ်တဲ့ သုံးဆယ်တစ်ဘုံက လည်မှုတွေငြိမ်းကြမှာပါ။ ဒါကြောင့် ကြမ်းတဲ့စိတ်ပေါ်ပေါ်၊ နုတဲ့စိတ်ပေါ်ပေါ် ဖြစ်ပျက်သာရှုကြပါ။ ဒီစိတ်ကိုမနိုင်တော့ တချို့က စိတ်ရူးတော့ အရူးစိတ်ပေါ်ပြီး ရူးကြတာပါ။ ဒါကြောင့် စိတ္တာနုပဿနာရှုကြ၊ ဒါကိုမရှုနိုင်ရင် ကိုယ်ကျိုးနည်းလိမ့်မယ်။ ဒီတော့ အားကိုးရာတွေ့ပြီးလား၊ စိတ်ဖြစ်တာကို မြင်အောင်ရှု၊ စိတ်ပျက်တာကိုမြင်အောင်ရှု၊ စိတ်အပေါ်ရှုမှန်းပြီး စိတ်တလုံးကြောင့်ဖြစ်တဲ့ ဒုက္ခကိုမခံယူထားတော့ပဲ ဒုက္ခသစ္စာနဲ့ သူနဲ့မနေချင်တော့ဘူးလို့ ဆုံးဖြတ်ချက်ချ၊ ဒါကြောင့် ဒုက္ခသစ္စာဖြစ်စေတဲ့ ဒီရုပ်နာမ်ဟာ နိဗ္ဗာန်မှာ ရုပ်လဲမရှိဘူး၊ နာမ်လဲမရှိဘူး။ ဒါကြောင့်ဒီလောက်ကြီးတဲ့လက်သည်ကိုတွေ့ကြပြီ။ ဒီလောကကြီးက ဖြစ်တတ်ပျက်တတ်တာ လူ့ပြည်ရော၊ နတ်ပြည်ရော၊ ဗြဟ္မာပြည်ရော ဖြစ်ပြီဆိုရင်ပျက်ကြအုံးမှာပဲ၊ ဒါတွေက စိတ်ကြောင့် ဖြစ်တာကိုး။ စိတ်က အနိစ္စကိုး။ အနိစ္စမိဘကမွေးတော့မှ အနိစ္စပဲမွေးကြမှာပေါ့၊ ဒါကြောင့် လောကကြီး

အဖြစ်အပျက်ဘက်ရောက်အောင်ရှုကြ။ စိတ်ချုပ်ရင် ရုပ်ချုပ်မှာဘဲ။ နိဗ္ဗာန်မှာ စိတ်ဆိုတဲ့ နာမ်လဲမရှိဘူး။ ဒုက္ခသစ္စာရော၊ ဒုက္ခပေးတတ်တဲ့စိတ်ရောမချုပ်ဘူးလား၊ ချုပ်တယ်။ ဒါကြောင့် စိတ်သည် ချုပ်လို့ရှိရင် ဒုက္ခသစ္စာဖြစ်ကြောင်းရော၊ ဒုက္ခသစ္စာဖြစ်ကျိုးရော အကုန်ချုပ်တာဘဲ၊ ဒါတွေချုပ်လို့ရှိရင်ဖြင့် ချမ်းသာမှုသက်သက်နဲ့ပဲ ဒါကိုရှုတဲ့ ဉာဏ်နဲ့ နေရုံဘဲရှိမယ်။

ဒုက္ခသစ္စာဆိုတဲ့ ဒီဒုက္ခသစ္စာကိုဖြစ်စေတဲ့စိတ်ကို ဖြစ်တာနဲ့ပျက်တာကို ရှုတဲ့ဉာဏ်နဲ့ နေမယ်ဆိုရင် ဒီဉာဏ်က ဒုက္ခသစ္စာဘက်ကို မလိုချင်တော့ နိဗ္ဗာန်ဘက်ကို ဉာဏ်ဦးလှည့်သွားမယ်။ ဒါကြောင့် စိတ်ကို ဖြစ်ပျက်ရှုပြီး နိဗ္ဗာန်ဘက် ဉာဏ်ဦးလှည့်ကြပါ။ စိတ်အလိမ်မခံရအောင် ကြိုးစားပြီးဖြစ်ပျက်ရှုကြပါ။ ကဲ. . . ဒီတွင် တော်ကြဦးစို့။

သာဓု သာဓု သာဓု

## အရှိနဲ့အသိကိုက်အောင်လုပ်နည်း

## (၇. ၂. ၆၁)

ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် အကြိမ်ပေါင်းများစွာ မှာကြားတော်မူပါတယ်။ "သတော သိက္ခဝေ ဘိက္ခု ဝိဟရေယျ"လို့ အကြိမ်ပေါင်းများစွာ မှာတယ်။ ဘိက္ခဝေ အိုင်ါ၏ ချစ်သားတပည့်များတို့ သတော ခန္ဓာကိုယ်ပေါ်၌ သတိရှိသည်ဖြစ်၍ သမ္ပဇာနော ပညာအဆင်အခြင်နဲ့ ဖြစ်ပျက်ရှုလေ့ရှိသည်ဖြစ်၍ ဝိဟရေယျ နေရစ်ကြပါ။

ခန္ဓာကိုယ်သတိထားပြီး ပညာဉာဏ်နဲ့ကြည့်ပြီးနေရစ်ကြပါလို့ ဘုရားကမှာတော်မူတယ်။ ခန္ဓာမှာ ဘယ်လိုထားရမယ်။ မိမိတို့၏ ယောကျ်ား ခန္ဓာ၊ မိန်းမ ခန္ဓာကို သတိထားပြီး ပညာနဲ့ကြည့်ပါ။ သတိထားရင်းမတ္တနဲ့ ပေါ်လာလို့ရှိရင် ဟိုနေရာကယားး၊ ဒီနေရာကနာ၊ ဒီစိတ်လေးကပေါ် ဟိုစိတ်လေးကပေါ်ဆိုလို့ရှိရင် အဲဒါကို ပညာနဲ့ကြည့်။ ဒါဖြင့် သတိကိုရှေ့ထား၊ ပညာနဲ့နောက်ကနေကြည့်ပါဆိုတာကို ဘုရားကမှာတော်မူတယ်။

ခန္ဓာကိုယ်ကို သတိသာထား ပညာနဲ့သာကြည့်လို့ရှိရင် ခန္ဓာက "ကျုပ်အနိစ္စပါ"လို့ ပြောပါလိမ့်မယ်။ ကျုပ်ဟာ အနိစ္စခန္ဓာပါလို့ သူကမပြောပဲမရှိပါဘူး၊ တစ်ထစ်ချပြောပါလိမ့်မယ်။ ဒီတော့ ဒါဟာ ယခုရထားတဲ့ခန္ဓာငါးပါးလို့ မှတ်ပါနော်။ ခန္ဓာငါးပါးဆိုတာကလည်း ယခုတရား နာနေတဲ့ခန္ဓာငါးပါးကို ဆိုလိုပါတယ်။ ဒီခန္ဓာငါးပါးကိုသာ ဉာဏ်ရောက်ပါ။

ပညာနဲ့စောင့်ကြည့်တဲ့အခါ ခန္ဓာကြီးဟာ ယားသလိုလို ယံသလိုလို ရွှေ့ချင်သလိုလို၊ ပြောင်းချင်သလိုလိုစိတ်တွေ မပေါ်ပေဘူးလား။ ပေါ်ပြီးတော့ကော ဒါလေးဟာ အမြဲ ခိုင်ခံ့တည်တံ့မှာလား၊ ပျက်စီးမသွားပေဘူးလား။ ပျက်စီးသွားတဲ့အခါ သတိထားတဲ့ပုဂ္ဂိုလ်ဖြင့် ပညာနဲ့ကြည့်ရင် ပျက်စီးတာကို ပညာကသိပါတယ်။ သတိမထားမိတဲ့ပုဂ္ဂိုလ်မှာ ခလုတ်

တိုက်လို့ သွေးထွက်တာတောင်မှ အိမ်ကျမှသိရတာပါ။

ဒီခန္ဓာကိုယ်ကြီးကို သေသေချာချာစိုက်ပြီး သတိနဲ့ကြည့်ပါ၊ သတိထားနေတုန်း ဟိုကယား၊ ဒီကယား၊ ဟိုစိတ်တွေပေါ်၊ ဒီစိတ်တွေပေါ်၊ ပေါ်တာဟူသရွေ့ ပျောက်တာချည်းမှတ်။ အဲဒီ ပျောက်ပျက်တာလေးကို နောက်ကမဂ်နဲ့ကြည့်ပေးပါ။ မဂ်နဲ့ကြည့်ပါဆိုတာ မဂ္ဂင်ငါးပါးနဲ့ ကြည့်ပေးလိုက်တာပေါ့။ ရှုတယ်ဆိုရင် ခင်ဗျားတို့လောကီမဂ်ရတယ်လို့ အောက်မေ့ပါ။

လောကီမဂ်ရပြီးဆိုတော့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုတဲ့ မဂ္ဂင်ငါးပါးရတယ်။ ဘယ့်နှယ်ကြောင့်ရပါလိမ့်မတုန်းဆိုတော့ ဟောဒီသတိကလဲ စိုက်ထားလို့၊ သမ္မာဒိဋ္ဌိဆိုတဲ့ပညာက လဲမြင်ပါတယ်၊ မြင်တော့ဒီခန္ဓာဟာ အနိစ္စရှိလို့ အနိစ္စပေါ်တာပဲ၊ အနိစ္စရှိလို့ အနိစ္စပေါ်လာတာကို ခင်ဗျားတို့က ယောကျ်ားပေါ်လိမ့်မယ်၊ မိန်းမပေါ်လိမ့်မယ်ဆိုတာ ဟုတ်သေးရဲ့လား။ အနိစ္စရှိလို့ အနိစ္စပေါ်လာတော့ အနိစ္စပဲလို့ သိဖို့အရေးကြီးတယ်။

ဒါဖြင့် စောင့်ကြည့်တဲ့အခါ ဘာတွေ့ပါလိမ့်။ ခြေတွေ၊ လက်တွေ၊ နားတွေ၊ နှာခေါင်းတွေ တွေ့သလားတဲ့၊ မျက်လုံးမှိတ်ရှု၊ ခြေ၊ လက်၊ နား၊ နှာခေါင်းမတွေ့ဘူး။ ဖြစ်ပျက်ပဲတွေ့တယ်။ မျက်လုံးမှိတ်ကြည့်ရမယ်နော်၊ မျက်လုံးမှိတ်ကြည့်တော့ ဖြစ်ပျက်ဟာ ပါဠိလိုသုံးတော့ အနိစ္စ။ အနိစ္စရှိလို့ အနိစ္စပြတဲ့အခါကျတော့ သိတာကမဂ္ဂဆိုတာ ဖြစ်သွားတယ်။ အဲဒီတော့ လူ့ဘဝနဲ့ သာသနာတွင်းကြုံတဲ့အခါမှာ ဒီအရှိနဲ့အသိ ကိုက်အောင်လုပ်ပါ။ ခန္ဓာကတော့ ဖြစ်လိုက်ပျက်လိုက်ပါပဲ။ ခင်ဗျားတို့က ဆရာနည်းမမှီတော့ ကိုယ်ကိုတိုင်ကလဲ သတိပညာကလဲမပါတော့ မြင်ကို မမြင်ဘူး။

ဒါဖြင့် ရှေ့ပိုင်းက ဝိပဿနာအလုပ်အစစ်ရှုနည်းကို သင်ပေးပါ့မယ်။ ဒီနေ့စိတ်ကိုပြောင်းပြီး စိတ်ရှုရမယ်လို့ဆရာ ဘုန်းကြီးက လမ်းခင်းခဲ့တယ်။

ဒီနေ့ စိတ္တာနုပဿနာပြလိမ့်မယ်၊ တနေ့ကတော့ ဝေဒနာနုပဿနာပြတယ်။ အဲဒီ ဝေဒနာနုပဿနာက တဏှာစရိုက်များတဲ့ပုဂ္ဂိုလ် ဝေဒနာရှုပါ။ ဒိဋ္ဌိများတဲ့ပုဂ္ဂိုလ်က စိတ္တနုပဿနာရှုရပါမယ်။

စိတ္တာဝိပဿနာရှုရလိမ့်မယ်ဆိုရင်ဖြင့် လွယ်ပါတယ်။ မျက်လုံးနဲ့ မြင်တဲ့အခါ မြင်စိတ်ပဲ၊ ဘာမြင်မြင် မြင်စိတ်ပေါ်တာသာ မှတ်ပေရော့။ နားနဲ့ကြားတိုင်း၊ ကြားတိုင်း ဘာစိတ်ပေါ်သတုန်း။ ကြားစိတ်ပေါ်တယ်။ နှာခေါင်းနဲ့ နံတိုင်း နံစိတ်ပေါ်ပါတယ်။ လျှာနဲ့စားတိုင်း စားစိတ်ပေါ်တယ်။ သူ့နေရာနဲ့သူပဲ၊ ဒီနေရာပေါ် ဒီနေရာ ချုပ်လိမ့်မယ်လို့ မှတ်ထားလိုက်ပါ။ ကိုယ်ပေါ်ကျတော့ တခါတလေ ခံသာတဲ့ စိတ်ကလေးပေါ်လာတယ်။ ကြိုက်တဲ့စိတ်ကလေးကော မပေါ်ဘူးလား။ ကိုယ်ပေါ်မှာ မခံသာတဲ့စိတ်ကလေးရောပေါ်တယ်။ "ဒုက္ခသဟဂတံ ကာယဝိညာဏံ၊ သုခသဟဂတံ ကာယဝိညာဏံ"ဆိုတော့ ဧည့်သည်စိတ် ခြောက်စိတ်လို့ မှတ်လိုက်စမ်းပါ။

ဧည့်သည်ဆိုတာ တစ်ခါတလေမှပေါ်သောကြောင့် သူ့ကိုဘယ့်နှယ်ဆိုကြမယ်၊ ဧည့်သည်စိတ် သေချာပလား။ ကောင်းပြီ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားယံစိတ်၊ ကောင်းတဲ့စိတ်၊ ဒါက အပြင်ဧည့်သည် ခြောက်ယောက် ရှင်းတယ်နော်။ အပြင်ဧည့်သည်က ဧည့်သည်လို့ဆိုသဖြင့် ဒါတွေတစ်ခါ တလေမှ ပေါ်တဲ့တရားတွေပါလားလို့ မှတ်လိုက်ပါ။ အပြင်ဧည့်သည် တခုပေါ်နေရင် ကျန်တဲ့ငါးခု မပေါ်ပါဘူး။ တခုပဲရှုရမှာပဲနော်။

ကိုင်းအတွင်းဧည့်သည်လေးတွေ ပြောပါဦးမယ်။ လောဘ၊ ဒေါသ၊ မောဟ၊ ဒါက အတွင်းမှာပေါ်တယ်၊ ဟဒယဝတ္ထုပေါ်မှာ ပေါ်သောကြောင့် အတွင်းဧည့်သည်လို့ မှတ်လိုက်ပါ။ အလောဘဆိုတာ ခင်ဗျားတို့သိဖို့ သင့်တယ်။ အလောဘဆိုတာ ပေးချင်ကမ်းချင်တဲ့ ကုသိုလ်စိတ်၊ အဒေါသဆိုတာ မေတ္တာထားတဲ့စိတ် သဘောကျပလား။ အတွင်းဧည့်သည်

ငါးယောက်ကိုမှတ်ထားကြပါ၊ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ ရှင်းပလား၊ အမောဟ မထည့်ဘူး။ ဘယ့်နှယ်ကြောင့် အမောဟ မထည့်တာတုန်း၊ သူကရှုရမည့်တရားဖြစ်နေသောကြောင့် မထည့်တာ။

အပြင်ဧည့်သည်ခြောက်ယောက်က အပြင်ဘက်မှာပေါ်လို့ စာကတော့ ဗာဟိရာယတနလို့ သုံးလိုက်လိမ့်မယ်နော်။ ဝမ်းထဲက ဟဒယဝတ္ထုပေါ်မှာ ပေါ်တာက လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသတွေပဲ။ အလောဘဆိုတာ ကိုယ်ပြုတဲ့ကုသိုလ်စိတ်၊ အဒေါသဆိုတာ ခင်ဗျားတို့ နေ့တိုင်း ပို့နေတဲ့မေတ္တာ ဒါကိုဘာခေါ်ပါလိမ့် အတွင်းဧည့်သည် ငါးယောက်၊ ကောင်းပြီ၊ အိမ်သည်နှစ်ယောက်လို့ မှတ်လိုက်စမ်းပါနော်၊ လေကိုထွက်အောင် ဝင်အောင် အားထုတ်တဲ့စိတ်ဟာ အမြဲတမ်းရှိပါတယ်။

လေကို ရှိုက်တဲ့စိတ် ရှုတဲ့စိတ်ဟာ အမြဲတမ်းရှိသောကြောင့် သူတို့ နှစ်ယောက်က အိမ်သည်စိတ်နှစ်ခု၊ ဒါဖြင့် အပြင်ဧည့်သည် (ခြောက်ယောက်) အတွင်းဧည့်သည် (ငါးယောက်) အိမ်သည် (နှစ်ယောက်) ဒါကိုသေချာ မှတ်ထားကြ။ အခုပြတာ တစ်ဆယ့်သုံးခုကို ခုနကပြောခဲ့တဲ့ အမောဟဆိုတာနဲ့ ခင်ဗျားတို့ ရှုပေးရမယ်။ မဂ္ဂင်းငါးပါးနဲ့ရှုပေးရမယ်။ မဂ္ဂင်ငါးပါးဆိုတာ အမောဟပြဋ္ဌာန်းတယ်နော်၊ သဘောပါကြလား။

ဒါဖြင့် မြင်စိတ်ကလေး စပေါ်တယ်နော်။ မြင်စိတ်ကလေးစပေါ်ရင် မြင်စိတ်ကလေးကို ဖြစ်ပျက်ရှုရမယ်။ ဒါဖြင့် မြင်စိတ်ကလေးက ဖြစ်ပျက်ရှုပြီးသကာလ ဖြစ်ပျက်မဂ်ဆိုတာတော့ တစ်ကြိမ်ကိုက်မသွားဘူးလား။ နောက် ဘယ်စိတ်မှ မပေါ်ဘူးဆိုရင် အတွင်းပြန်လှည့်လိုက်ပါ။ ရှုစိတ်၊ ရှိုက်စိတ် သဘောကျပလား။ သူတို့နှစ်ခုကို ပြန်လှည့်ပေးလိုက်။ တခါ ကြားထဲမှာ ယားစိတ်၊ ယံစိတ်ကလေးပေါ်တယ်ဆိုတော့ ကိုယ်ပေါ်လှည့်ရှုလိုက်တာပေါ့။ ဒီယားတဲ့နေရာရှုလိုက်၊ ယားတဲ့နေရာမှာ ယားတဲ့စိတ် ကလေးဟာ

ဖြစ်ပြီးပျက်တာပဲလို့ ရှုလိုက်ပေါ့။ ယားတာ ယံတာမရှိတော့ဘူးဆိုရင် ရှုစိတ်ရှိုက်စိတ် ပြန်ကောက်ပေါ့။

ကဲဒကာဒကာမတို့ ပေါ်ရာကိုလိုက်နေမယ်ဆိုရင် ဖြစ်ပျက်လိုက်နေတဲ့ အမောဟက မဂ်ဖြစ်သွားတယ်။ ဒီတော့ ခင်ဗျားတို့ ရှုတဲ့ဉာဏ်သည် အမြဲတမ်း အနိစ္စနဲ့ မဂ္ဂချည်းတွဲနေတယ်။ အနိစ္စနဲ့ မဂ္ဂတွဲနေတော့ သိတဲ့ အတိုင်းပဲ ကိလေသာကြားခိုသေးရဲ့လား။ ကိလေသာကြားမခိုရင် နံနက်အားထုတ် ညနေသောတာပန်တည်မယ်လို့ ဘုရားကဟောလိုက်တယ်။

ကဲကြားစိတ်လေးပေါ်လို့ လိုက်ပြန်တော့ ကြားစိတ်လေး ချုပ်သွားပြီ၊ ချုပ်သွားတော့မှ ဒီကနေလိုက်တဲ့အခါကျတော့ ကြားစိတ်ကို တွေ့သလား၊ အနိစ္စတွေ့သလား။ အနိစ္စတွေ့တယ်။ ဒကာဒကာမတို့ ရှုစိတ်တွေ့သလား၊ အနိစ္စတွေ့သလား။ အနိစ္စတွေ့တယ်။ ရှိုက်စိတ်တွေ့သလား၊ အနိစ္စတွေ့သလား။ အနိစ္စတွေ့တယ်။ ဒါဖြင့် ပျက်သွားတာအနိစ္စ၊ ရှုတာကမဂ္ဂ။

တပည့်တော်တို့မှာ ဘယ့်နှယ်ကြောင့် မရပါလိမ့်မတုန်းဆိုတော့ ဒီဥစ္စာ အလုပ်ကို မလုပ်သေးလို့မရတာ။ လုပ်ကိုမလုပ်သေးလို့ မရတာကို ဘာတွေများရနေသတုန်း မေးတဲ့အခါကျတော့ မြင်တယ်၊ လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်၊ ပဋိစ္စသမုပ္ပါဒ်ပဲပြန်ရတယ်။ ကြားတယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်၊ ပဋိစ္စသမုပ္ပါဒ်ပဲပြန်ရတယ်။ ပဋိစ္စသမုပ္ပါဒ် ဘက်လိုက်တော့ အားထုတ်တယ်ဆိုတာ ကမ္မဘဝ၊ ကမ္မဘဝပစ္စယာဇာတိ။ ဒါဖြင့် ခင်ဗျားတို့မှာ ဒုက္ခသာလှည့်ပြီးလိုက်နေတာပဲ။ ဒီနေ့ကစပြီး ကိုယ့်ကို သနားရင်လုပ်ပါ။ ပထမမဂ်လိုချင်ရင် စိတ္တာနုပဿနာက ရှုရတယ်။ ဒုတိယ မဂ်လိုချင်ရင် ဝေဒနာနုပဿနာရှု ပေါ်ကြပလား။

မရှိတာကအနိစ္စ၊ သိတာကမဂ္ဂလို့ ဆရာဘုန်းကြီးက ဘယ့်နှယ်ဟောရသတုန်းလို့ မေးတော့မှ ဥပမာ ဒီလောဘစိတ်ကလေးနဲ့ အသက်ရှင်နေ

ရတယ်။ ဉာဏ်နဲ့ဘုန်းကြီးက လိုက်ရမယ်ဆိုလို့ လိုက်လိုက်တဲ့အခါကျတော့ လောဘစိတ်ကလေးနဲ့ အသက်ရှင်နေတာ။ ဒီအသက်ရှင်မှုကလေးဟာ ရှိသေးရဲ့လားကြည့်တော့ မရှိတော့ ကိုယ့်အသေကိုယ်မြင်တယ်။ ရှင်းပလား။ ကိုယ့်အသေ ကိုယ်မြင်တယ်ဆိုတာ ကျေနပ်လား။ ဒီတော့ ဒကာဒကာမတွေရဲ့သက်တမ်းက လောဘစိတ်ဖြစ်တယ်ဆိုရင် ဖြစ်နေတုန်းလောဘစိတ်နဲ့ပဲ အသက်ရှင်နေတာပဲ။ ဒေါသစိတ်ဖြင်ရင်ကော ဒေါသစိတ်နဲ့ပဲ အသက်ရှင်နေတာပဲ။ ဒါဖြင့် ဒကာဒကာမတွေ သက်တမ်းဘယ်လောက်ရှိသတုန်း စိတ်တစ်ခုပဲ အသက်ရှိတယ်ဆိုတာ သဘောကျပလား။

အဲလိုစိတ်တစ်ခုနဲ့ အသက်ရှင်တော့ အဲဒီစိတ်ချုပ်သွားတော့ လူတစ်ယောက် မသေသေးဘူးလား။ အဲဒီ အသေကို ဘာနဲ့လိုက်ရမယ်၊ ဉာဏ်နဲ့လိုက်၊ လိုက်တဲ့အခါကျတော့ သေတာက ဘာခေါ်မယ် အနိစ္စ။ အင်း သေတာကအနိစ္စ၊ မြင်တာကမဂ္ဂ။ ဝိပဿနာဆိုတာ ဘာပါလိမ့်မလဲဆိုတော့ ကိုယ့်အသေ ကိုယ်မြင်အောင်ကြည့်တာ ပေါ်ကြပလား။

ဒါဖြင့် အသေကဘာခေါ်ကြမယ်၊ အနိစ္စ။ အသေကိုကြည့်တာက မဂ္ဂ။ အသေဆိုတာက အသုဘ၊ ရှုတာက မဂ္ဂ။ သြော် သေတာကဒုက္ခ၊ ရှုတာကမဂ္ဂ။ ကောင်းပြီ၊ ဒါဖြင့် စိတ္တာနုပဿနာ ယနေ့သိမ်းလိုက်ပါတယ်။ ကဲ ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ဝိပဿနာအလုပ်ဟာဖြင့် မလုပ်မဖြစ်တဲ့ အလုပ်ပဲ။ လုပ်မိအောင်လုပ်ပါလို့ ယနေ့တိုက်တွန်းတယ်။ ရှင်းပလား။ ကဲ. . . ဒီတွင် တော်ကြဦးစို့။

သာဓု. . . သာဓု. . . သာဓု

# အသိလိုက်ရန် တရားတော်
# (၁. ၁. ၆၀)

နိဗ္ဗာန်လိုချင်ကြလို့ရှိရင် အရေးကြီးဆုံးအချက်ကို ယနေ့ပြောရရင် ဒိဋ္ဌိကွာပြီး နိဗ္ဗာန်သိမှ နိဗ္ဗာန်ကို သဘောမကျရင်လဲ ဒိဋ္ဌိကမကွာဘူး။ ဒိဋ္ဌိမကွာတဲ့ပုဂ္ဂိုလ်က နိဗ္ဗာန်လိုချင်ရင်လဲ မရဘူး။ ဒိဋ္ဌိမကွာတဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ရချင်ရင် ဒိဋ္ဌိမကွာတဲ့အတွက် နိဗ္ဗာန် အကြောင်းလဲမသိပါဘူး။ မသိတဲ့အတွက်လဲ မရဘူးလို့မှတ်။ နိဗ္ဗာန်ကိုလဲ ကျကျနနသိရမယ်၊ ဒိဋ္ဌိလဲ ဖြုတ်ရမယ်။ ဒိဋ္ဌိဖြုတ်မှ နိဗ္ဗာန်ရမယ်။ နိဗ္ဗာန်သိမှ ဒိဋ္ဌိဖြုတ်မယ်။ ဒီ(၂)လုံးကို သေချာမှတ်ပါ။

နိဗ္ဗာန်ရောက်ခြင်းအကြောင်းက (၂)ကြောင်းပေါ်ပြီ။ နိဗ္ဗာန်သိမှလဲ ဒိဋ္ဌိကိုဖြုတ်နိုင်မယ်။ ဒိဋ္ဌိဖြုတ်တဲ့ ပုဂ္ဂိုလ်မှလဲ နိဗ္ဗာန်ကိုသိနိုင်တယ်။ နိဗ္ဗာန်နဲ့ဒိဋ္ဌိဟာ ကပ်နေတယ်လို့ မှတ်ရမယ်။ ရှေ့ပိုင်းမှာ ဘာလုပ်ပေးရမှာတုန်း ဆိုတော့ နိဗ္ဗာန်သဘောကျအောင် ပြောပေးရလိမ့်မယ်။ ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့နိဗ္ဗာန်၊ တစ်ထောင့်ငါးရာ ကိလေသာတို့ သိမ်းတဲ့နိဗ္ဗာန်၊ နိဗ္ဗာန်ကို တကယ်တမ်း ရောက်ချင်ကြပါတယ်၊ ရချင်ကြပါတယ်ဆိုလို့ရှိရင်ဖြင့် ဒိဋ္ဌိဖြုတ်ရမှာပဲ။ နိဗ္ဗာန် ရောက်ကြောင်းမှာဖြင့် ဒိဋ္ဌိဖြုတ်ဖို့ အရေးကြီးဆုံး ဆိုတာ ပေါ်လာပါပြီ။

ဒိဋ္ဌိဖြုတ်ဖို့ ခန္ဓပဋိစ္စသမုပ္ပါဒ်သိဖို့ အရေးကြီးတယ်။ ဖြစ်ဆဲခန္ဓာမှာ သိဖို့အရေးကြီးပါတယ်။ ဖြစ်ဆဲ ခန္ဓပဋိစ္စသမုပ္ပါဒ်နားလည်မှ ဒိဋ္ဌိကိုဖြုတ်ပေးလို့ ရတယ်။ ဒိဋ္ဌိရှိနေလျက်နဲ့ လုပ်နေရင်ဖြင့် နိဗ္ဗာန်လဲမရဘူး။ ၁-နံပါတ် ဒိဋ္ဌိဖြုတ်ဖို့ အရေးကြီးပါလားဆိုတာ ပေါ်လာတယ်။ ကိုင်း ဒါဖြင့် ဒိဋ္ဌိဖြုတ်ကြပါစို့၊ ခန္ဓပဋိစ္စသမုပ္ပါဒ်ကြည့်ကြပါစို့။ အခုဘုန်းကြီးက တရားဟောနေတယ်။ တရားဟောတာက အသံထုတ်ပြီး ဟောနေတယ်။ အသံထုတ်ပြီး ဟော

နေတော့ ဒကာဒကာမတွေက ကြားကြတာပေါ့။ ကြားတော့ကို နားထဲမှာ ကြားတတ်တဲ့ရုပ်လေးက ရှိတယ်။ အဲဒီကြားရုပ်လေးရှိနေတော့ ဘုန်းကြီးက တရားဟောတဲ့ အသံကလဲ လွှတ်လိုက်ပြန်တော့ အသံနဲ့ကြားရုပ် တပြိုင်နက်တည်း ကြားတတ်တဲ့စိတ်ပေါ်တယ်။ ကြားတာ အကောင်းအဆိုး ရွေးတဲ့ဝေဒနာ၊ တရားသံပါလားလို့ မှတ်တဲ့သညာ၊ ကြားဖို့စေ့ဆော်တဲ့ စေတနာ၊ တခါတည်း နာမက္ခန္ဓာလေးပါးပေါ်တယ်။ ယခုပဋိစ္စသမုပ္ပါဒ် အစ ပါလားလို့ မှတ်လိုက်၊ နာမက္ခန္ဓာလေးပါးက အသံကြားမှ နားကကြားရုပ်မှာ ဖျက်ခနဲ ပေါ်လာတဲ့ နာမ်တရားလေးခု တပြိုင်ထဲပေါ်ကြတယ်။ ဒါယခုဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို နားလည်ထားပါ။ နားထဲမှာ နာမ်တရား၊ ရုပ်တရားတွေဖြစ်ကြပေါ့၊ ကြားရုပ်က ရုပ်ပေါ့ဗျာ။ သူ့ပေါ်မှာ ကပ်ပြီးပေါ်တဲ့ နာမက္ခန္ဓာလေးပါးက နာမ်ပေါ့ဗျာ။ ဒီနာမ်တရား ရုပ်တရားက အိမ်ကယူလာတာ မဟုတ်ဘူး။ ခုမှပေါ်လာတာ။

ဒါဖြင့် အကြောင်းစွဲ၍ဖြစ်ပေါ်လာတဲ့ ပဋိစ္စသမုပ္ပန္နတရားဆိုတာ ပေါ်လာပါတယ်။ ဒါကို ပဋိစ္စသမုပ္ပန္နလို့ မှတ်လိုက်ပါ။ ခုပေါ်လာတဲ့ နာမက္ခန္ဓာ (၄)ပါးက ပဋိစ္စသမုပ္ပန္နပါ။ သူကဘာကြောင့်တုန်းဆိုရင် ယခုအသံနဲ့ကြားရုပ်နဲ့တိုက်လို့ ယခုမှပေါ်လာတော့ နာမက္ခန္ဓာက အကျိုးတရား၊ အကြောင်းကြောင့် ဖြစ်တဲ့ အကျိုးတရား၊ အကြောင်းကို ပဋိစ္စသမုပ္ပါဒ်ခေါ်တယ်။ အကျိုးကို ပဋိစ္စသမုပ္ပန္နလို့ ခေါ်တယ်။

ဒကာဒကာမတို့ သန္တာန်မှာ ကြားတဲ့စိတ်ကလေးလဲ မရှိဘူးလား။ ဝိညာဏက္ခန္ဓာနော်၊ ကြားလို့ ကောင်းမကောင်းက ဝေဒနက္ခန္ဓာ၊ တရားသံလေးပါလားလို့ မှတ်တာက သညာက္ခန္ဓာ၊ တရားနာဖို့တိုက်တွန်းနှိုးဆော်တဲ့စေတနာ သင်္ခါရက္ခန္ဓာ လေးပါးပေါ်တယ်လို့ပဲ မှတ်လိုက်ပါတော့။ ငါကြားတယ်လို့ မထင်လိုက်ပါနဲ့။ ကြားတာ ဒီလေးခုက ကြားတာ။ ကြားတာ

ငါကြားတာလား၊သူကြားတာလား၊ နာမက္ခန္ဓာလေးပါးကကြားတာ။ ဒါဖြင့် ငါကြားသူကြားဆိုတဲ့ သက္ကာယဒိဋ္ဌိ ရှိသေးလား။ မရှိတော့ဘူး။ နာမက္ခန္ဓာလေးပါးကကြားတာ။ ယောကျ်ားကြားတာလား၊ မိန်းမကြားတာလား။ ငါ သူတစ်ပါးကြားတာလားလို့မေးလိုက်ရင် နာမ်ခန္ဓာတွေ အသစ်ပေါ်ပြီး ကြားတတ်တဲ့တရားလေး အသစ်ပေါ်တယ်လို့ မှတ်လိုက်ပါ။

ကြားတတ်တဲ့တရား အသစ်ပေါ်တယ်လို့သိတော့ သက္ကာယဒိဋ္ဌိ ပြုတ်ပြီး ငါကြားတာမဟုတ်ဘူး၊ သူကြားတာမဟုတ်ဘူး၊ မိန်းမ ကြားတာ မဟုတ်ဘူး၊ ယောကျ်ားကြားတာမဟုတ်ပါဘူး၊ ဒီနာမက္ခန္ဓာ လေးပါးက ကြားတာ။ ဒီလိုသိတော့ သက္ကာယဒိဋ္ဌိပြုတ်နေတာ၊ အတ္တဒိဋ္ဌိပြုတ်နေတာ၊ သက္ကာယဒိဋ္ဌိနဲ့ အတ္တဒိဋ္ဌိဆိုတာ အတူတူပဲ၊ အတ္တဒိဋ္ဌိကငါ၊ သက္ကာယဒိဋ္ဌိ ကလဲ ထိုနည်းတူပဲ။ ဒီတရားလေး ငါထင်နေတာ၊ အဲဒီ၂-ခုက မထူးပါဘူး။ နာမက္ခန္ဓာ (၄)ပါးကို ငါထင်တာပါပဲ။ ဒါဖြင့် ဘယ်သူကများ ကြားပါလိမ့်၊ နာမက္ခန္ဓာ ၄-ပါးကကြားတာ။ ကြားတဲ့အခါကျတော့ ကြားရတာ ကုသိုလ် ဖြစ်လိုက်တာဆိုတော့ ဒီနောက်က ကုသိုလ် စိတ်လေးတွေရော မပေါ်ဘူး လား။ ကုသိုလ်စိတ် ပေါ်လာပြန်တော့လဲ ငါ့ကုသိုလ်လား၊ ကုသိုလ်စိတ် သက်သက်ပဲလား၊ ကုသိုလ်စိတ်သက်သက်ပဲ။

ကြားတဲ့စိတ်လေးပေါ်ပြီး ကုသိုလ်စိတ်တွေ ဆက်ပေါ်ပြန်တော့လဲ ပုဂ္ဂိုလ်သတ္တဝါ၏ကုသိုလ်လား၊ ကုသိုလ်စိတ် သက်သက်ပေါ်တာလား၊ ကုသိုလ်စိတ်သက်သက်ပေါ်တာ။ နာမက္ခန္ဓာ (၄)ပါးကလည်း ကြားပြီး ပျောက်သွားတာပဲ၊ ကုသိုလ်စိတ်ကျန်နေတယ်။ ကုသိုလ်စိတ်ကလည်း ဘယ်သူ့ကြောင့် ပေါ်လာတာတုန်းဆိုတော့ ကြားလို့ဖြစ်တာပေါ့။ မကြား ရင်ဖြစ်ပါ့မလား၊ ကုသိုလ်စိတ်သည် ကြားတတ်တဲ့စိတ်က ကျေးဇူးပြုလို့ ကုသိုလ်စိတ်ပေါ်လာတာ။ ကြားတတ်တဲ့စိတ်က အကြောင်းပြုလိုက်တာနဲ့

ကုသိုလ်စိတ်ပေါ်လာတယ်။ ကြားတတ်တဲ့စိတ်က ချုပ်သွားတာနဲ့ ကုသိုလ်စိတ် ပေါ်လာတယ်။ ပေါ်လာတဲ့စိတ်လေးကလဲ အကြောင်းကြောင့် ပေါ်လာပြီး သကာလ ချုပ်ဆုံးသွားပြန်တာပဲ။

ဒကာဒကာမတို့သန္တာန်မှာ ကြားတဲ့စိတ်လေးပေါ်လိုက်၊ ကုသိုလ်စိတ် ဖြစ်ပြီးချုပ်သွားလိုက်၊ နောက်တခါကြားတဲ့စိတ်ပေါ်လိုက် ကုသိုလ်ဖြစ်ပြီး ချုပ်သွားလိုက်ဆိုတော့ ဒီနေရာမှာ ယောကျ်ားတွေလား၊ မိန်းမတွေလား၊ ကြားတဲ့သဘောနဲ့ ကုသိုလ်သဘောတွေ လှည့်ဖြစ်ပြီး ချုပ်နေကြတာလား ဆိုရင် ပုဂ္ဂိုလ်သတ္တဝါအလုပ် ပါသေးရဲ့လား၊ မပါတော့ဘူး။

ပဋိစ္စသမုပ္ပန္နတရားတွေ ဆက်ဆက်ပေါ်နေတယ်။ ကြားတတ်တဲ့ တရားကြောင့် ကုသိုလ်စိတ်တွေလဲ ပေါ်ရတယ်။ ဒီလိုချည်းပဲ လှည့်ဖြစ် နေတော့ ဘာပဲကြားကြား ဒီပဋိစ္စသမုပ္ပါဒ်ဖြစ်တာပဲ။ ကြားတဲ့ဓမ္မဖြစ်ပျက်ပြီး ကုသိုလ်ဖြစ်တဲ့ဓမ္မ လာပြန်တာပဲ။ ကုသိုလ်ဓမ္မဖြစ်ပျက်ပြီး သကာလ ကြား တတ်တဲ့ ဓမ္မလာပြန်တာပဲ။ ကြားတတ်တဲ့ဓမ္မက အသံမကောင်းတော့ ဆဲသံဆိုသံ ကြားရတဲ့အခါကျတော့ အဲဒီကြားတတ်တဲ့ ဓမ္မချုပ်ပြီးသကာလ ဒေါသစိတ်လေးပေါ်လာတာပဲ။ ကြားတာမကွဲဘူးဆိုတော့ မောဟလာ တယ်၊ ဒါပဲ လှည့်နေကြမှာပဲ၊ ပုဂ္ဂိုလ်သတ္တဝါ ဒီထဲပါသေးလား။ မပါပါဘူး။

ဒါဖြင့် ကြားတာရယ်၊ ကုသိုလ်ဖြစ်တာရယ်၊ ကြားတာရယ်၊ အကုသိုလ် ဖြစ်တာရယ်၊ ကြားတာရယ် မောဟဖြစ်တာရယ်၊ သီချင်းသံလေးကြားတော့ ကြားတာရယ်၊ သာယာတာက တဏှာရယ်၊ ကြားတာလဲ နာမ်တရား ကြားလို့ သဘောကျတာလဲ နာမ်တရားဘဲ။ ပုဂ္ဂိုလ်သတ္တဝါပါသေးလား၊ ဒါဖြင့် ဒီလိုချည်းပဲ တနေ့လုံးဟာဖြင့် ဒီလိုလှည့်နေတာပဲဆိုတော့ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ပါသေးလား၊ မပါတော့ဘူး။

တရားဟောသံလေးကြားတယ်၊ နာထဲ နာမက္ခန္ဓာ ၄-ပါးပေါ်တယ်။

ကြားပြီး တရားနာရတာ ကုသိုလ်ဖြစ်တယ်ဆိုတာလေး မလာဘူးလား။ ကုသိုလ်ဖြစ်တယ်ဆိုတဲ့ စိတ်လေးကလဲ ဖြစ်ပြီးချုပ်သွားတယ်။ တခါတလေ ငိုသံကြားပြန်တယ်ဆိုရင် နာမက္ခန္ဓ (၄)ပါးဖြစ်ပြန်တယ်။ ငိုသံကြားရတာ စိတ်မချလက်မချ ဖြစ်တယ်ဆိုတော့ ဒေါသစိတ်ကလေး ပေါ်ပြန်တာပဲ။

ဒါဖြင့် ကြားလိုက် ကုသိုလ်ဖြစ်လိုက်၊ ကြားလိုက် အကုသိုလ်ဖြစ်လိုက် ဒီလိုပဲနေတာပဲ။ ဒါတွေပဲ လှည့်နေတာနော်။ ပုဂ္ဂိုလ်သတ္တဝါပါသေးလား၊ မပါတော့ဘူး။ ပဋိစ္စသမုပ္ပါဒ် တရားတွေလှည့်နေတာ၊ အဲဒါတွေသိတော့မှ ပုဂ္ဂိုလ်သတ္တဝါ မပါတာသိတော့ ငါသူဆိုတာ ဆိတ်သုဉ်းသွားတယ်။ ဒီတင် အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ ပြုတ်ထွက်သွားတယ်။ ကြားတတ်တဲ့ဓမ္မချုပ်ပြီး ကုသိုလ်ဖြစ်တဲ့ဓမ္မလေး ပေါ်ပြန်တယ်ဆိုတော့လဲ သဿတဒိဋ္ဌိပြုတ်ထွက်သွားတယ်။ ကြားတတ်တဲ့ဓမ္မလေးက ခိုင်မြဲသေးလား၊ မခိုင်မြဲဘူးချုပ်သွားတာမြင်တော့ သဿတက စင်သွားတယ်။ သူချုပ်သွားပြီး ကုသိုလ်ဖြစ်တဲ့ဓမ္မလေးပေါ်ပြန်တယ်။ အကျိုးကပေါ်လျက် မနေဘူးလား၊ ပေါ်ပြန်တော့လဲ ဉစ္ဆေဒဒိဋ္ဌိပျောက်သွားတာပဲ။ ပေါ်ပြန်တော့ ပြတ်သွားတယ်လို့မယူပဲနဲ့ အကြောင်းချုပ်ပေမဲ့ အကျိုးပေါ်တော့ကို ပြတ်သွားတဲ့သဘောရော ရှိသေးလား၊ မရှိတော့ပါဘူး။ ဒိဋ္ဌိ ၃-မျိုး လှည့်ရှင်း ပေးနေပါတယ်။

**လောဘဖြစ်မှာမကြောက်နဲ့၊ မောဟဖြစ်မှာကြောက်၊** အသိလိုက်လို့ရှိရင် လောဘရယ်လို့ မဟုတ်တော့ဘူး။ သတ္တဝါသန္တာန်မှာ၊ နှစ်စိတ်ပြိုင် မဖြစ်ပါဘူး။ လောဘစိတ်ဖြစ်တုန်းလဲ အသိမဖြစ်ပါဘူး။ လောဘစိတ်ဖြစ်ပျက်ပြီးသွားမှ လောဘစိတ်လေးဖြစ်ပြီးပျက်သွားလေရဲ့လို့ အသိလိုက်၊ လိုက်တော့ လောဘစိတ်သိတာလား၊ ဖြစ်ပျက်သိတာလား၊ ဖြစ်ပျက်သိတာ။ ဖြစ်ပျက်သိတော့ ဖြစ်ပျက်ကအနိစ္စ၊ သိတာကမဂ္ဂ၊ လောဘကို မကြောက်နဲ့ ဖြစ်ပျက်မသိမှာကိုကြောက်၊ **တဏှာသာကြောက်တတ်တယ်၊**

**အဝိဇ္ဇာကိုမကြောက်ဘူး**ဖြစ်နေတယ်။ အခုတော့ တဏှာလောဘစိတ်ဖြစ်တယ်ပျက်တယ်လို့ အသိလိုက်လို့ရှိရင် လောဘလား၊ အနိစ္စလား၊ ဒါဖြင့်ဖြစ်ပျက်ကအနိစ္စ၊ သိတာကမဂ္ဂ၊ မဂ်ချက်ခြင်းဆိုက်နေလို့ပြောနေတာ။

လောဘစိတ်မရှိဘူးလို့ သိတာကမဂ်စိတ်၊ သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သွားတယ်။ လောဘက သမုဒယသစ္စာ၊ သူ့မပယ်နိုင်ဘူးဆိုပြီး ငြီးလုံးထုတ်နေတယ်၊ **လောဘစိတ်က သူ့ချည်းသက်သက် အကျိုးပေးနိုင်သလား**လို့မေးတော့ သူ့ချည်းအကျိုးမပေးနိုင်ဘူး။ လောဘဖြစ်တဲ့နောက်က အသိမလိုက်ဘူးဆိုကြပါစို့၊ လောဘက တဏှာပဋိစ္စသမုပ္ပါဒ် မဆိုနိုင်ဘူးလား၊ **တဏှာပစ္စယာဥပါဒါန်၊** အသိမလိုက်ရင် ဥပါဒါန်လိုက်တယ်၊ ဥပါဒါနပစ္စယာကမ္မဘဝေါ၊ ကံလိုက်လာတယ်။ **ကံကမှအကျိုးပေး**မှာ ကံလိုက်လာတော့ပြင်လို့ရသေးလား၊ မရပါဘူး။ မရတော့ သူ့ကြောက်ရမှာလား၊ သူ့အဆက်အနွယ်တွေ ကြောက်ရမှာလား၊ သူ့ကြောက်နေလို့ ခက်နေတာ။ သူ့နောက်က အစွယ်အပါးကိုသတ်လိုက်တယ်။ **အသိလိုက်လိုက်စမ်းဆိုတော့ အစွယ်အပွားတွေချုပ်သွားတယ်၊** အစွယ်အပွားချုပ်တော့ ကံချုပ်၊ ဇာတိကော ချုပ်တယ်၊ ဇရာမရဏချုပ်တယ်၊ ဇရာမရဏချုပ်တာ နိဗ္ဗာန်ပဲ။

ကံချုပ်တာလဲ ကုသလာကုသလံဇဟံ၊ ကုသိုလ်အကုသိုလ်စွန့်လို့ဘုရားဖြစ်လာတယ်ဆိုတော့ **ကံချုပ်တာလဲ နိဗ္ဗာန်၊** တဏှာနိရောဓောနိဗ္ဗာန်၊ ဥပါဒါန်ဆိုတာ တဏှာအရင်းခံတွေပဲ သူတို့ချုပ်သွားတာ၊ သိအောင်လုပ်လိုက်တော့ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာမရဏပြတ်တယ်။ ဇာတိ ဇရာမရဏတွေချုပ်ရာ ငြိမ်းရာ သိမ်းရာ ဘာခေါ်ကြမလဲ နိဗ္ဗာန်၊ ကံတို့၏ကုန်ရာသည်လဲနိဗ္ဗာန်၊ **ဥပါဒါန်ပြတ်ရာလဲနိဗ္ဗာန်၊** နိဗ္ဗာန် ၃-ခုကြီးပေါ်နေတာ၊ ပဋိစ္စသမုပ္ပါဒ်က ရွတ်ဖို့မဟုတ်ပါဘူး၊ ဖြတ်ဖို့ပါ။ အခုအဝိဇ္ဇာလာရင် အခုနိရောဓဖြစ်အောင်လုပ်၊ သံသယဖြစ်တာတွေ ဖြစ်ပျက်ရှုလိုက် အဝိဇ္ဇာ

ပြတ်ရော၊ အဝိဇ္ဇာချုပ်တော့ သင်္ခါရလာသေးလား၊ မလာတော့ဘူး။ ဝိညာဏ် လာသေးလား၊ နောက်ကလိုက်ကွ၊ ဓမ္မဖြတ်မှ ဓမ္မပုဂ္ဂိုလ်ဖြစ်တယ်။

ဒါကြောင့် လောဘလဲမကြောက်နဲ့ ဒေါသလဲမကြောက်နဲ့၊ မောဟလဲ မကြောက်နဲ့ ဣဿမစ္ဆရိယလဲ မကြောက်နဲ့၊ **နောက်ကမသိလိုက်မှာ ကြောက်၊** ဟဒယဝတ္ထုပေါ်မှာ လောဘစိတ်ကလေး ပေါ်ပြီ၊ လိုချင်တဲ့စိတ်ကလေး ကြည့်လိုက်တော့ လိုချင်တဲ့စိတ်ကလေးကလဲ မရှိတော့ပါလား။ လိုချင်တဲ့ စိတ်ကလေးက ဖြစ်ပြီးပျက်ပါလားလို့ နောက်စိတ်ကမသိဘူးလား၊ သိတော့ **လောဘစိတ်က အနိစ္စ၊ သိတာက မဂ္ဂ**။ ဒီဖြစ်ပျက်များချုပ်သွားရင် နိဗ္ဗာန် ရောက်တော့မယ်။ လောဘချုပ်တဲ့နေရာ နိဗ္ဗာန်ပေါ်မယ်။ ဘာစိတ်ပေါ်ပေါ် သိအောင်လုပ်၊ ဘာစိတ်ရယ်လို့ မတွေးနဲ့တော့ သမုဒယဓမ္မနုပဿီ၊ ဝယ ဓမ္မာနုပဿီ ဒါပဲတွေ့တယ်။ လောဘတွေ့တာလား၊ ဖြစ်ပျက်တွေ့တာလား၊ ဖြစ်ပျက်တွေ့တာ။ စိတ်တွေရှုကြည့်တော့လဲ ထိနမိဒ္ဓတွေ့သလား၊ လောဘ တွေ့သလား၊ ဖြစ်ပျက်ပဲတွေ့တယ်၊ ဖြစ်ပျက်က လောဘလား၊ အနိစ္စလား၊ အနိစ္စတွေ့တဲ့ပုဂ္ဂိုလ်ဖြင့် ပြတာကအနိစ္စ၊ တွေ့တာကမဂ္ဂ။ သေတာကသမုဒယ၊ ချုပ်တာက နိရောဓ၊ ဇာတိမရဏချုပ်တာက နိရောဓ၊ သစ္စာလေးပါး တန်း ထွက်လာတယ်။ ဘာပူစရာလိုသေးလဲ၊ ဒီတရားကိုမလုပ်လိုက်ရရင် ကိုယ်ကျိုး နည်းမယ်၊ ဘုရားက သစ္စာလေးပါးဟောချင်လို့ ပွင့်လာတာ။

ဒါဖြင့် မဂ်ဆိုတာ ပွားယူရတယ်ဆိုတာ ပေါ်တိုင်းပေါ်တိုင်း အဖန်ဖန် သိတာကို ပွားတယ် ခေါ်တာ။ မပြီးခင်ပွားရမှာ၊ ဒါဖြင့် ပြီးတဲ့ကိစ္စရှိသေးတယ်။ ပွားတာပြီးတဲ့ကိစ္စရှိသေးတယ်။ ဖြစ်ပျက်မြင်လို့ ဒီဖြစ်ပျက်ဟာ မိမိခန္ဓာ၏ အသေကိုမြင်တာ၊ မိမိဝေဒနာရှိရင် ဝေဒနာက္ခန္ဓာသေတာဘဲ။ ဝေဒနက္ခန္ဓာ သေရင် နာမက္ခန္ဓာ ၄-ပါးရောသေတယ်။ နာမက္ခန္ဓာ၄-ပါးရော ရုပ်တရားရော သေတော့ ခန္ဓာငါးပါးသေတယ်။ ကိုယ်အသေ ကိုယ်မြင်တော့ မမုန်းပေဘူး

လား၊ မုန်းတယ်၊ မုန်းသည့်ထိပွား၊ ပွားပါအုံးဆက်ပြီးတော့ဆိုတော့ ဒီဒုက္ခကြီးဖြင့်ရလဲ မရချင်တော့ပါဘူး။ လိုလဲမလိုချင်တော့ဘူး။ အကြီးဆုံးဒုက္ခဆိုတာ ဒါပဲလို့သိပါကောလို့ မဂ္ဂင်က အကြီးဆုံးဒုက္ခကို ပိုင်းခြားပြီးသိတော့ ချုပ်သွားတယ်။ နောက်ထပ် မပွားနဲ့တော့ ဒုက္ခနိရောဓော နိဗ္ဗာန်မြင်ပြီ၊ ဒုက္ခပိုင်းခြားသိလို့ ဒုက္ခချုပ်ရင် မပွားနဲ့တော့။

ယတာဘူတဉာဏ်မြင်ပြီး ဝေဒနာငြီးငွေ့လာရင် နိဗ္ဗိဒါဉာဏ်တက်တယ်၊ နိဗ္ဗိဒါဉာဏ်နဲ့ငြီးငွေ့ပြီးတော့ မဂ်ဉာဏ်ရမယ်။ ဖြစ်ပျက်မြင်ရင် ယထာဘူတဉာဏ်၊ ဖြစ်ပျက်မုန်းရင် နိဗ္ဗိဒါဉာဏ်၊ ဖြစ်ပျက်ဆုံးရင် မဂ်ဉာဏ်ဖြစ်မယ်။

စိတ်ပေါ်တိုင်းပေါ်တိုင်းသိရင် ပျက်တိုင်းပျက်တိုင်းလဲ သိပါတယ်။ ပေါ်တာနဲ့ ပျက်တာကလည်း ထူးတာမှ မဟုတ်ဘဲ။ သူ့သက်တမ်းက ၁-မှာဖြစ်တယ်၊ ၂-မှာ ပျက်တော့ ခင်ဗျားတို့ကို မသိဘူး။ နောက်ဆုံးပိတ်ရှုလိုက်တော့ ဩဇာမရှိဘူးလို့ သိလိုက်တာလေးပဲ၊ ဒီပြင်ဘာမှမသိဘူး။

ဒီစိတ်ကလေးကို ငါ့ကိုယ်-ငါ့ဟာ-ငါ့ဥစ္စာ မဖြစ်စေနဲ့၊ ဖြစ်ပျက်သဘောရောက်သလား၊ တဏှာ-မာန-ဒိဋ္ဌိရောက်သွားလား၊ ဖြစ်ပျက်သာ ဒီမဂ်နဲ့ ကိုက်နေအောင်လုပ်၊ သူခိုး (၃)ယောက်ဝင်ရင် သံသရာဆက်တယ်။ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာမရဏဖြစ်တယ်။ သူခိုးကို ရှင်းလင်းနိုင်တဲ့ မဂ်သာဝင်ရင် စိတ်ဖြစ်တိုင်း ဖြစ်ပျက်သာသိလိုက်၊ ဖြစ်ပျက်က အနိစ္စ၊ သိတာက မဂ္ဂ၊ သေတာက တဏှာ-မာန-ဒိဋ္ဌိ၊ သံသရာ ကျေးဇူးပြုတဲ့ တဏှာ-မာန-ဒိဋ္ဌိက မသေဘူးလား၊ သေပါတယ်၊ ချုပ်သွားတာက သမုဒယသစ္စာ၊ ကျန်ရစ်တာက မဂ္ဂသစ္စာ၊ ပေါ်တာက နိရောဓသစ္စာ။ ကဲ. . . ဒီတွင် တော်ကြဦးစို့။

(သာဓု၊ သာဓု၊ သာဓု)

## အနတ္တထင်အောင်ရှုနည်း
## (၁၅. ၉. ၆၂)

တရားရှုမှတ်ကြတဲ့အခါ ဒကာဒကာမတွေ(ခန္ဓာငါးပါး)ပဲရှိတယ်၊ တချို့ပုဂ္ဂိုလ်တွေမှာ ရုပ်ရှုမှု ဖြစ်ပျက်မြင်တာ၊ တချို့မှာ ဝေဒနာရှုမှု၊ တချို့ သညာရှုမှု၊ တချို့ဖဿရှုမှု၊ တချို့လည်း ဝိညာဏ်ရှုမှု ဖြစ်ပျက်မြင်တာ ရှိတယ်၊ ဘာပဲရှုရှု နောက်ဆုံးတစ်နေ့မှာ "သဗ္ဗေဓမ္မာ အနတ္တာ"ချည်းမို့ သဗ္ဗေ-အလုံးစုံသော၊ ဓမ္မာ-တရားတို့သည်၊ အနတ္တာ-ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့်စရိုက်ကို မလိုက်တဲ့တရားပဲ၊ ဒါဖြင့် ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက်၊ အကျင့်စရိုက်ကို မလိုက်တာဟာ (အနတ္တ)လို့ မှတ်ထားကြပါ။ ဒါကြောင့် အနတ္တဆိုတာ ဘာလဲလို့မေးရင်ဖြင့် အားထုတ်နေတဲ့ပုဂ္ဂိုလ်၏အလို၊ သတ္တဝါ၏အလိုကို ခန္ဓာငါးပါး တစ်ပါးပါးက မလိုက်ဘူးလို့ မှတ်ထားပါ။

ဒီတော့ ဒကာဒကာမတွေက ခန္ဓာဉာဏ်နဲ့ စိုက်ပြီးကြည့်ရမယ်၊ ဖျတ်ဆို ယားတဲ့ ဝေဒနာလေး ပေါ်လာတယ်၊ ဒီဝေဒနာလေးဟာ ပုဂ္ဂိုလ်အလို သတ္တဝါအလို၊ ငါ၏အလိုလဲမဟုတ်ပါလား၊ ငါ့အကြိုက်လဲမဟုတ်ပါလား၊ ဖျတ်ဆို ဒီယားတဲ့ ဝေဒနာလေးဟာ ပျောက်သွားပြန်တော့ ပေါ်လာတုန်းကလဲ ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့်စရိုက်မဟုတ်ဘူး။ ပျောက်သွားတော့လဲ ပုဂ္ဂိုလ်သတ္တဝါကို ဘာမှမငဲ့မသွားပဲ ပျောက်သွားတယ်၊ ဒါကြောင့် ယားတဲ့ ဝေဒနာပေါ်လာတာကို (အနတ္တ)ပဲရှုပေးပါ။ တခါ ပန်ကာလေလေးတိုက်တဲ့အခါ သုခဝေဒနာပေါ်လာပြန်တယ်၊ ဒကာဒကာမတွေ ကိုယ်ခန္ဓာမှာ ချမ်းသာလုံးလေး တနေရာရာမှာ ပေါ်ပါလိမ့်မယ်။ ဒီချမ်းသာလုံးလေးဟာလဲ ပုဂ္ဂိုလ်အလိုနဲ့ပေါ်လာတာလား၊ ပေါ်ပါစေဆိုပြီး ပေါ်လာတာလား၊ မဟုတ်ပါဘူး၊ သူ့ဟာသူ အာရုံ-ဒွါရတိုက်လို့ပေါ်လာတာ။ ပန်ကာနဲ့ ခန္ဓာကိုယ်မှာရှိတဲ့ ကာယပဿဒနဲ့ထိခိုက်လို့ သုခသဟဂုတ်

ကာယဝိညာဏ် သုခဝေဒနာပေါ်တာပဲရှိတယ်။ ဒါကြောင့် သုခပေါ်ရင်လဲ အနတ္တတခုပဲလို့ မှတ်ထားကြပါ။

ဖျတ်ဆို ဒကာဒကာမတွေ မြင်တယ်၊ ကြားတယ်၊ နံတယ်၊ စားတယ် စတဲ့စိတ်လေးတွေ စားတဲ့ဝေဒနာလေးတွေ ပေါ်လာတော့ သြော် မြင်တယ်ဆိုတဲ့ မြင်တတ်တဲ့သဘောလေး ဥပေက္ခာဝေဒနာလေးပေါ်တာပဲ၊ ကြားတတ်တဲ့ ဥပေက္ခာဝေဒနာလေး၊ နံတတ်တဲ့ ဥပေက္ခာဝေဒနာလေး၊ စားတတ်တဲ့ ဥပေက္ခာဝေဒနာလေးတွေပေါ်တာပဲ၊ ဒါတွေဟာ ပုဂ္ဂိုလ်အကြိုက် ပေါ်တာလားမေးလို့ရှိရင် မဟုတ်ပါဘူး။ မြင်တယ်ဆိုရင် အာရုံနဲ့တိုက်ဆိုင်လို့ မြင်တဲ့ဝေဒနာလေး ပေါ်လာတာ၊ ကြားတာလဲ အာရုံနဲ့တိုက်ဆိုင်လို့ ကြားတဲ့ဝေဒနာပေါ်တာ၊ နှာခေါင်းမှာနံတဲ့ စိတ်လေးပေါ်လာပြန်တော့ နံတဲ့ အာရုံနဲ့ဒွါရတိုက်ဆိုင်လို့ ပေါ်လာတာ၊ ပုဂ္ဂိုလ်သတ္တဝါကြောင့်ပေါ်တာလဲမဟုတ်ဘူး၊ ကိုယ့်အကျင့်စရိုက်အတိုင်း ပေါ်လာတာလဲမဟုတ်ဘူး၊ ဒါကြောင့် (အနတ္တ)လို့ ခေါ်ဆိုကြမယ်၊ ရှင်းပြီးနော်။

ကျန်းမာကြောင်း ချမ်းသာကြောင်း စီးပွားရေးဖြောင့်ကြောင်း စာလေးများရောက်လာရင် ဝမ်းထဲမှာ ဝမ်းသာလုံးလေး ပေါ်လာပြန်တယ်။ ဒါဟာ ခင်ဗျားတို့ အလိုအတိုင်း ပေါ်လာတာလား၊ စာကပြုပြင်လို့ ဝမ်းသာတာလား၊ စာပြုပြင်လို့ဝမ်းသာတာပါ၊ ဒါဖြင့် ပုဂ္ဂိုလ်အလိုလဲ မဟုတ်သလို သတ္တဝါအကြိုက်လဲမဟုတ်ဘူး၊ အကျင့်စရိုက်နဲ့လဲ မကိုက်ညီဘူး၊ ဟိုစာပြုပြင်လိုက်တာနဲ့ ဝမ်းထဲမှာ သောမနဿဆိုတဲ့ ဝမ်းသာလုံးလေး ပေါ်တယ်။ ဒီသောမနဿလေးကိုလဲ အနတ္တလို့ ရှုပေးပါ၊ တခါမကောင်းတဲ့ အကြောင်းသော်၄င်း၊ စာသော်၄င်း ကြားရပြန်တယ်၊ စိတ်ထဲမှာ မချမ်းသာလုံးလေးပေါ်လာပြန်တယ်၊ ဒီဥစ္စာလဲ စာရဲ့သဘောပဲ။ ပုဂ္ဂိုလ်သဘော သတ္တဝါ အကြိုက်ကိုယ့်စရိုက်နဲ့မကိုက်ညီဘူး။ ကိုယ့်စရိုက်က အကောင်းကြိုက်ကိုး။ သူက

မကောင်းတာပေါ်လာတယ်၊ အဲဒါကြောင့် ပုဂ္ဂိုလ်အလို၊ သတ္တဝါအကြိုက် အကျင့်စရိုက်ကိုမလိုက်တဲ့ သဘောလေးပေါ်လာတာသည်လည်း ဒေါမနဿဝေဒနာလေးပေါ်လာတာပဲ၊ ဒါလေးကို ဒကာ၊ ဒကာမတွေက အနတ္တလို့ ရှုပေးပါ၊ ပေါ်လဲအနတ္တ၊ ပျောက်လဲအနတ္တပဲ။ ဒီတော့ ဝေဒနာ ကမ္မဋ္ဌာန်းကို ဒီနေ့ဟောနေပါတယ်၊ ရှုချင်တာ ရှုရအောင်လို့ တခုရှုရင် အကုန်ပါတာပဲ။

စာသော်၄င်း၊ သတင်းသော်၄င်းကြားရပြန်တယ်။ ဘာမှတုန်လှုပ်တဲ့ သဘောမရှိဘူးဆိုတော့ ဥပေက္ခာဝေဒနာလေး ပေါ်လာတယ်။ ကြားတယ်၊ အကြောင်းတိုက်ဆိုင်သ၍ ကမ္မသကာပဲဆိုတဲ့ ဝမ်းထဲကဥပေက္ခာဝေဒနာလေးပေါ်လာတယ်။ ဒါလဲ ပုဂ္ဂိုလ်အလိုနဲ့လဲ မဆိုင်သလို သတ္တဝါအကြိုက်ကောဟုတ်ရဲ့လား။ (သတ္တဝါက ကောင်းတာကြိုက်တယ်။) သူက ဥပေက္ခာပေါ်နေတယ်။ ကိုယ့်အကျင့်စရိုက်နဲ့ကော ကိုက်ရဲ့လား။ (ကိုယ့်အကျင့်စရိုက်က ဥပေက္ခာဆိုမကြိုက်ပါဘူး။ သာယာတာကိုကြိုက်တာ)၊ ဒီတော့ အခုလို အကျင့်စရိုက်နဲ့ မကြိုက်ပေမဲ့လည်း သူ့သဘောသူဆောင်ပေါ်လာတဲ့ဓမ္မ ဥပေက္ခာဝေဒနာလေးကိုလဲ အနတ္တ၊ ဆင်းရဲတဲ့ ဝေဒနာလေးလာလဲ အနတ္တ။ မြင်ကာ၊ ကြားကာ၊ နံကာ၊ စားကာမတ္တ ဥပေက္ခာပေါ်ရင်လဲ အနတ္တလို့ပဲရှုပါ၊ ဝမ်းထဲမှာ သောမနဿလေးပေါ်လဲအနတ္တ၊ ဒေါမနဿလေးပေါ်လဲ အနတ္တ၊ ဥပေက္ခာလေးပေါ်လဲအနတ္တပဲ၊ တစ်ကိုယ်လုံးမှာ ဉာဏ်နဲ့ဝေဖန်လိုက်ရင် ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့်စရိုက်နဲ့ မကိုက်တဲ့ဓမ္မချည်း ပေါ်လိမ့်မယ်။ ဒီသုံးချက်နဲ့ညီရင် အနတ္တလို့မှတ်ပါ။ ကိုယ်ပေါ်မှာ ဟိုကအင့်တယ်၊ ဒီကအောင့်တယ် အစရှိသဖြင့် ပေါ်လာပြန်တယ်၊ ရင်ကြပ်တယ်၊ လည်ချောင်းကပ်တယ်၊ ဒါလဲ ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့်စရိုက်ကို မလိုက်တဲ့ ဒုက္ခတွေပဲ။ ဒါကို (အနတ္တ)ရှုရမယ်။

ဒါကြောင့် ဒကာ ဒကာမတွေ ခန္ဓာကိုယ် တကိုယ်လုံးမှာ ဝေဒနာသုံးပါး

လှည့်ပေါ်ပါတယ်၊ ဘာပဲပေါ်ပေါ် အင်္ဂါသုံးပါးနဲ့စစ်ဆေးပြီး ပေါ်လာတဲ့ အခါမှာဖြစ်စေ၊ ပျောက်သွားတဲ့ အခါမှာဖြစ်စေ (အနတ္တ)ချည်းရှုပါ။ ယနေ့ဆရာဘုန်းကြီးသည် ဝေဒနာကမ္မဋ္ဌာန်းကို အနတ္တထင်အောင် အင်္ဂါ သုံးပါးနဲ့ရွေးချယ်ပြီး ဟောတာလို့မှတ်ရမယ်။ ရှုတဲ့အခါ အင်မတန် သဘော ပါတဲ့တရားလို့ မှတ်လိုက်စမ်းပါ။ ဓမ္မကပြောင်းတယ်၊ ခန္ဓာတကိုယ်လုံးမှာ ပုဂ္ဂိုလ်လဲမရှိဘူး၊ သတ္တဝါလဲမရှိဘူး၊ ကိုယ့်အကျင့် ကိုယ့်အကြိုက်နဲ့ ကိုက် တာလဲတခုမှ မရှိသောကြောင့် ခန္ဓာတကိုယ်လုံးကို "သဗ္ဗေဓမ္မာ အနတ္တာ" လို့သွားပေါ်တယ်။ တကိုယ်လုံးမှာဖြစ်နေတဲ့ ရုပ်ဘက်ကကြည့်ကြည့်၊ ဝိညာဏက္ခန္ဓာဘက်ကကြည့်ကြည့် ခန္ဓာမှာဖြင့် ပုဂ္ဂိုလ်အလိုတခုမှမပါဘူး။ သတ္တဝါအကြိုက်နဲ့လဲ တခုမှမကိုက်ဘူး။ ကိုယ့်အကျင့်စရိုက်အတိုင်း ပေါ်လာတာလဲ မဟုတ်ဘူး။ ဒါကြောင့် ဒီသုံးချက်နဲ့စစ်ဆေးလိုက်ရင် ဒကာ ဒကာမတွေ 'သဗ္ဗေဓမ္မာ အနတ္တာ' ဆိုတာ အာလုံးရှင်းသွားပြီ။

အနတ္တကို နောက်တနည်းဟောပါ့မယ်။ ဝိညာဏ်ကြောင့် ဒုတိယ အကွက်မှာ ဘာဖြစ်တုန်းဆိုရင် နာမ်ရုပ်ပဲဖြစ်တယ်၊ ဒါဖြင့် ဝိညာဏ်ဖြစ်ရင် နာမ်ရုပ်ဖြစ်တယ်၊ ဝိညာဏ်ချုပ်ရင်လည်း နာမ်ရုပ်ချုပ်မယ်၊ ဒါကို ကြည့်ခြင်း အားဖြင့် **အကြောင်းဖြစ်လို့ အကျိုးဖြစ်တယ်၊ အကြောင်းချုပ်ရင် အကျိုး ချုပ်**ပါတယ်။ ဒါလဲ အနတ္တတမျိုးပဲ၊ ဒါဖြင့် ဒီအနတ္တက အကြောင်းအနတ္တ မို့ အကျိုးအနတ္တပေါ့၊ အနတ္တချင်းကတော့ အတူတူပဲနော်။ ဝိညာဏ်လည်း မိမိပြုပြင်ထားတာလားဆိုတော့ မဟုတ်ပါဘူး။ သူလည်း အနတ္တနော်၊ သူက ပြုပြင်တဲ့ နာမ်ရုပ်ကတော့ အနတ္တပဲ။ မိမိတို့နဲ့ဘာဆိုင်လဲ၊ ဒါဖြင့် ဝိညာဏ် အနတ္တမို့ နာမ်ရုပ်အနတ္တ၊ ဝိညာဏ်ဖြစ်ရင် နာမ်ရုပ်ဖြစ်မယ်။ ဝိညာဏ်ချုပ်ရင် နာမ်ရုပ်ချုပ်ပါတယ်။ အရင်အနတ္တက ပုဂ္ဂိုလ်နဲ့ညှိတယ်၊ အခုအနတ္တက ဓမ္မ ချင်းညှိတယ်၊ **အနတ္တနှစ်မျိုး**ဘုရားဟောထားတယ်၊ ရှင်းကြပြီးလား။ ဒါဖြင့်

ဒကာ ဒကာမတွေ ဆက်သွားရင် (၂ နံပါတ်)ကို တွေ့လိမ့်မယ်။ ဖဿပစ္စယာ ဝေဒနာဆိုတော့ ဖဿအကြောင်း ဝေဒနာကအကျိုး။ ဖဿသုံးပါးတို့ကြောင့် ဝေဒနာသုံးပါးတို့သည် ဖြစ်ကုန်၏။ ဒါကြောင့် ဖဿဓမ္မဖြစ်ရင် ဝေဒနာဓမ္မ ဖြစ်တာပဲ၊ ဖဿဓမ္မချုပ်ပြန်တော့လဲ ဝေဒနာဓမ္မချုပ်ပါတယ်။ ဒီတော့ အကြောင်း ဖဿဓမ္မက အနတ္တဖြစ်လို့ အကျိုးဝေဒနာဓမ္မက အနတ္တ၊ ရှင်းပြီးလား။ ဒီထဲကို ငါဝင် မရှုပ်တော့ဘူး။ ဖဿနဲ့ဝေဒနာ သူတို့နှစ်ခုသာ ဆက်သွယ်နေတယ်။ ငါကြားထိုးလို့မရဘူး။ အကြောင်းအကျိုးမျှသာ ရှိတယ်လို့ ဉာဏ်ကဝေဖန်လိုက်ပြန်တော့ ဒီထဲမှာ ငါ၊ငါ့ဥစ္စာဆိုတဲ့ (အတ္တနဲ့ အတ္တနိယ)ပြုတ်သွားတယ်။ (အနတ္တဉာဏ်) ပေါက်သွားတယ်။

ဒီတော့ ဒကာ၊ ဒကာမတွေသန္တာန် ယားတဲ့ ဝေဒနာလေးပေါ်လာပြန်လဲ တခုခုနဲ့ထိလို့၊ နာတဲ့ဝေဒနာလေးပေါ်လာပြန်လဲ တခုခုနဲ့ထိလို့ပဲ။ ဒါဖြင့် ဖဿပစ္စယာဝေဒနာပေါ့၊ ငါ့မှာဘာဖြစ်နေပါလိမ့်ဆိုတဲ့ (ငါ)ကို ဝင်မရှုပ်ပါနဲ့။ ငါဝင်မရှုပ်နိုင်တဲ့ အနတ္တ ဟောပြန်တာပဲ။

အခုဟောတဲ့ အနတ္တက ပုဂ္ဂိုလ်သတ္တဝါ ကြားမဝင်နိုင်အောင် ငါလေး နည်းနည်းမှ မရှုပ်နိုင်အောင် ကြားမထိုးနိုင်အောင် ဖဿဖြစ်လို့ ဝေဒနာ ဖြစ်တယ်။ ဖဿချုပ်ရင် ဝေဒနာချုပ်တယ်ဆိုတဲ့ ဓမ္မသဘောအတိုင်း အကြောင်း ဓမ္မကဖြစ်စေလို့ အကျိုးဓမ္မဖြစ်တာ၊ အကြောင်းဓမ္မချုပ်ရင် အကျိုးဓမ္မချုပ်တာ ပဲဆိုတဲ့ ငါမဝင်နိုင်အောင်ဟောထားတဲ့ အနတ္တ။ ဒီအနတ္တကို သဘောကျ လိုက်သဖြင့် ခင်ဗျားတို့မှာ (သဿတဒိဋ္ဌိ)စင်သလို (ဥစ္ဆေဒဒိဋ္ဌိ)လဲ စင်ပါတယ်။ စဉ်းစားကြည့်ပါလား၊ အကြောင်းဖဿဖြစ်လို့ အကျိုးဝေဒနာဖြစ်တယ်ဆို တော့ သူတို့က အကြောင်းအကျိုးဆက်နေတာလို့သိတယ်။ အကြောင်း အကျိုးကမပြတ်တော့ဘူး။ ဒါကြောင့် မပြတ်တာကို ပြတ်တယ်လို့ယူတဲ့ ဥစ္ဆေဒဒိဋ္ဌိစင်သွားတယ်။ တခါ အကြောင်းချုပ်ရင် အကျိုးချုပ်တယ်ဆိုတော့

ခိုင်မြဲတဲ့သဘော သဿတက ရှိသေးလား၊ ငါ့မှာ ဝေဒနာလဲခိုင်မြဲတယ်၊ ဖဿလဲ ခိုင်မြဲတယ်လို့ ယူထားတဲ့ ဝါဒတွေမရှိတော့ဘူး၊ အဖြစ်ကိုမြင်လို့ ပြတ်တယ်လို့ ယူထားတဲ့ (ဥစ္ဆေဒဒိဋ္ဌိ)စင်တာ၊ အပျက်ကိုမြင်လို့ ခိုင်မြဲတယ် ယူတဲ့ (သဿဒိဋ္ဌိ)စင်တယ်။

ဒါဖြင့် ယနေ့ဟောတဲ့တရားမှာ ဒိဋ္ဌိနှစ်ခုခွာဘို့ တော်တော်အရေးကြီး ပါလားဆိုတာ ပေါ်လာတယ်။။ ဒါကြောင့် တရားဆိုတာ နာရင်ကုသိုလ် ရတာပဲဆိုတာ ကုသိုလ်တော့ရတာပေါ့။ နိဗ္ဗာန်ရနိုင်တဲ့တရားနဲ့ မရနိုင် တဲ့တရားက ရှိသေးတယ်။ မင်းလုပ်မင်းရမယ်ဆိုတဲ့တရားကိုနာရင် ကုသိုလ်ရမယ်၊ ဒါပေမဲ့ မင်းလုပ်တော့ သေရင် မင်းပဲရမှာပဲဆိုတာက ဘာ တရားတုန်းဆိုတော့ သဿတဒိဋ္ဌိပါနေတယ်။ သို့သော် မင်းလုပ်ပေမဲ့လဲ မင်းမရှိဘူး၊ ရမည့်သူလဲမရှိဘူး၊ အကြောင်းအကျိုးမျှပဲလို့သိမှ အကြောင်း ဖြစ်ရင် အကျိုးဖြစ်တယ်။ အကြောင်းချုပ်ရင် အကျိုးချုပ်တာပဲလို့သိမှသာ သဿတလဲမရှိ ဥစ္ဆေဒလဲမရှိမှသာ (အနတ္တ)ကို ဉာဏ်ထဲမှာရှင်းတော့တယ်။ ဒီတရားမျိုးတရားနာမှသာလျှင် နိဗ္ဗာန်ရမယ်။

ဝိသုဒ္ဓိမဂ်က ဟောပါတယ်။ (ကမ္မဿ) ကုသိုလ်၊ အကုသိုလ်ကံကို (ကာရကော)ပြုတတ်တဲ့ ပုဂ္ဂိုလ်သည် (နတ္ထိ)မရှိဘူးတဲ့။ (ဝိပါကဿစ ဝေဒကော)တဲ့ သူကပြုလိုက်တဲ့ အကျိုးကိုခံစားမည့်ပုဂ္ဂိုလ်၊ သတ္တဝါလဲ မရှိဘူး။ အကြောင်းကြောင့် အကျိုးဖြစ်တာပဲရှိတယ်။ အကြောင်းချုပ်ရင် အကျိုး ချုပ်တာပဲလို့ (ဝိဝေတံသမ္မဒဿနံ) အဲဒီအမြင်နဲ့မြင်ပါမှ နိဗ္ဗာန်ရ မှာတဲ့ ငါလုပ်လို့ ငါရတယ်ဆိုရင် နိဗ္ဗာန်ရတဲ့ကုသိုလ်ကတစ်မျိုး၊ နိဗ္ဗာန် မရတဲ့ကုသိုလ်က တစ်မျိုးရှိတယ်။ ဒိဋ္ဌိနှစ်ခုစင်တဲ့ အနတ္တဉာဏ်ကိုရှုမှ နိဗ္ဗာန်မြင်လာမယ်။ တရားနိဂုံးချုပ်ကို ကြပ်ကြပ်သတိထားမှတ်ပါ။ နိဗ္ဗာန်ကလည်း အနတ္တ၊ ခင်ဗျားတို့ အရှုခံတဲ့ဓမ္မကလည်း အနတ္တ။

အနတ္တ ဘယ်နှစ်မျိုးရှိလဲဆိုတော့ နှစ်မျိုး။ ပထမ ဟောခဲ့တဲ့နှစ်မျိုးနဲ့ မရောစေနဲ့၊ အခုဟောတဲ့ အနတ္တနှစ်မျိုးက **(နိဗ္ဗာန်အနတ္တနဲ့ အရှုခံရတဲ့ တရားအနတ္တ)**၊ ဒီအရှုခံရတဲ့ အနတ္တကိုလဲသိရမယ်။ ပြီးတော့မုန်းရမယ်။ ဒီအနတ္တကို မလိုချင်တော့မှ မည်သူမှမပြုတဲ့အနတ္တဆိုတဲ့ နိဗ္ဗာန်ရမယ်။ ဒါသေသေချာချာ မှတ်စမ်းပါ။ ဒီစကားတလုံးဟာ မလွယ်ဘူး။ အရှုခံရတဲ့သင်္ခါရအနတ္တပေါ့။ ဒါဟာ ရုပ်နာမ်အနတ္တ၊ အဲဒါကို မြင်ပြီးတော့ မုန်းပြီးတော့မှ ဒီအနတ္တကြီးကို မလိုချင်လို့ မုန်းတဲ့အခါ အခါဘယ်သူမှ ကြံစည်လို့လဲမရ၊ ပြုလုပ်လို့လဲမရတဲ့ နိဗ္ဗာန် အနတ္တကိုရမယ်။ သင်္ခါရအနတ္တ အဆုံးမှာ အသင်္ခတအနတ္တ ရှိပါတယ်။ ဒါဖြင့် အနတ္တချင်း မတူဘူးပေါ့။ သင်္ခါရအနတ္တမှမတွေ့ရသေးတဲ့ ပုဂ္ဂိုလ်ဟာ အသင်္ခါတအနတ္တ ရလိမ့်မယ်လို့ မမျှော်လင့်ပါနဲ့၊ ဒါဖြင့် တကယ် အနတ္တနိဗ္ဗာန်လိုချင်ရင် သင်္ခါရအနတ္တကို ဆုံးအောင်လိုက်မှသာ ရောက်တော့မယ်။

ဒါကြောင့် သင်္ခါရအနတ္တအဆုံးမှာ အသင်္ခတအနတ္တ ရှိနေပါလား ဆိုတာက ကျင့်စဉ်အနတ္တ။ ဒါဖြင့် သိဖို့အနတ္တကနှစ်မျိုး၊ ကျင့်စဉ် အစအဆုံး အနတ္တကနှစ်မျိုးကို ဒကာဒကာမတွေ ဝေဖန်ပြီး မသိသေးလို့ရှိရင်ဖြင့် ဘယ်နည်းနဲ့မှ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းတဲ့နိဗ္ဗာန်၊ ကိလေသာငြိမ်းတဲ့နိဗ္ဗာန်ကို ဒုက္ခဟူသရွေ့မှလဲ လွတ်တဲ့ကျွတ်တဲ့ ဝိမုတ္တိဖြစ်တဲ့ နိဗ္ဗာန်ကိုရမှာ မဟုတ်ဘူးဆိုတာ ယနေ့ နာရတဲ့တရားဟာ အလွန်ထူးခြားပါတယ်။

ဆရာသမားက ဖြစ်ပျက်ရှုခိုင်းလဲ ရှုလိုက်တာပဲ။ ဒါပေမဲ့ ဉာဏ်ထဲမှာ ရှင်းသထက်ရှင်းအောင် ပုဂ္ဂိုလ်အလို၊ သတ္တဝါအကြိုက်၊ အကျင့်စရိုက်နဲ့ မကိုက်တဲ့သဘောဆိုတာ ထင်ထင်ရှားရှားဖြစ်အောင် လုပ်လိုက်ဦး။ ဝေဒနာ အကြောင်းကိုက အနတ္တမို့ တဏှာတည်းဟူသော အနတ္တပေါ်လာတယ်။ ဝေဒနာအကြောင်း အနတ္တချုပ်ပြန်တော့လဲ တဏှာအကျိုး အနတ္တချုပ်သွား

တာပဲလို့ ဆိုပြန်တော့ တဏှာနောက်က (မဂ်)ဝင်လိုက်တာပဲ မဟုတ်လား။ ဒီတော့ (ဉပါဒါန်-ကံ)တွေ ပြတ်ထွက်သွားတာပဲ။ ဒီနည်းတွေအတိုင်း ရှုလိုက်တော့ ဒီအနတ္တကို ယထာဘူတဉာဏ်နဲ့ မြင်ပြီးတော့ နိဗ္ဗိဒါဉာဏ်နဲ့ မုန်း၊ နောက်ဒီအနတ္တကို ဒုက္ခသစ္စာလို့သိပြီး အနတ္တသဘောတွေ ချုပ်သွားတယ်။ ဒါဖြင့် ဖြစ်လိုက်ပျက်လိုက်ဆိုတဲ့ သင်္ခါရအနတ္တတွေ ချုပ်သွားပြီး ဖြစ်မှုပျက်မှုကင်းတဲ့ အနတ္တဆိုတဲ့ (နိဗ္ဗာန်)ကြီးပေါ်လာတယ်။ ဒါဟာ သင်္ခါရအနတ္တက အသင်္ခတအနတ္တကို ကျေးဇူးပြုလိုက်တာပဲ။ ဒါကြောင့် နိဗ္ဗာန်ရောက်တယ်။ ယနေ့တရားမှာ သင်္ခါရအနတ္တ ဒီအလုပ်စဉ်နဲ့ တက်သွားရင် ဒီနေရာမရောက်ပေဘူးလား။ ရောက်အောင်ကြိုးစားရလိမ့်မယ်လို့ ဆုံးဖြတ်ချက်ချရမယ်။ ကဲ. . . ဒီတင် တော်ကြဦးစို့။

သာဓု၊ သာဓု၊ သာဓု

# ဉာဏ်အမြင်နှင့်မျက်လုံးအမြင်
# (၁၅. ၁၀. ၆၀)

ကိုယ့်စိတ်ကို ကိုယ်တိုင်မြင်အောင် လုပ်ရမယ်။ မြင်အောင်လုပ်ရမယ် ဆိုတော့ မျက်မြင် ဉာဏ်မြင် (၂)မျိုး ရှိပါတယ်။ စိတ်ဆိုတာ စာပေလိုသုံးရင် ဓမ္မာရုံဖြစ်သောကြောင့် မျက်မြင်ဘယ်တော့မှ မဟုတ်ပါဘူး။ ဉာဏ်မြင်ချည့် သေချာမှတ်ပါ။ စိတ်ကို ရှုမှတ်တယ်ဆိုရင် ဉာဏ်မြင်သာလျှင် မြင်နိုင်မယ်။ ဉာဏ်မြင်ဆိုတော့ မြင်တာရှုရမှာလား၊ ကြားတာရှုရမှာလား၊ ဘယ်လိုရှုရမှာလဲ အောက်မေ့မနေကြဘဲ၊ ပေါ်တဲ့စိတ်ကို ဉာဏ်မြင်ဖြစ်အောင်လုပ်ပါ။ ပေါ်နေတဲ့စိတ်သည် မြင်တယ်ဆိုရင် မြင်စိတ်ကလေးပေါ်တယ်။ မြင်စိတ်ပေါ်ရင်လည်း မဂ္ဂင် (၅)ပါးနဲ့ ကိုယ်တိုင်မြင်အောင်ကြည့်ရမယ်။ ကိုယ်တိုင်မြင်အောင်ကြည့်ရင် မြင်စိတ်က (၁)နံပါတ်၊ ရှုစိတ်က (၂)နံပါတ်၊ (၁)ကို (၂)နဲ့ကြည့်။ (၁)ကဖြစ်ပြီးတော့ ပျက်သွားပါတယ်။ (၂)က နောက်မှ ဒီနေရာကို ကြည့်တာ။ ကြည့်တဲ့အခါကျတော့ သူကြည့်တဲ့အချိန်မှာ မရှိတာဘဲတွေ့ပါလိမ့်မယ်။ မရှိတဲ့ (၁)နံပါတ်က အနိစ္စ၊ ကြည့်တဲ့ (၂) နံပါတ်က မဂ္ဂ။

ကိုယ့်စိတ်ကိုကြည့်တော့ ကိုယ့်စိတ်က (၁၃)မျိုးပဲရှိတယ်။ (၁၃)မျိုးမှာ ပေါ်တော့ တစ်မျိုးပဲပေါ်တယ်။ အဲဒီပေါ်တိုင်းပေါ်တိုင်း မလွတ်အောင်ကြည့်ပါ။ မလွတ်အောင်ကြည့်တော့ အပျက်နဲ့မင်္ဂကိုက်သွားတယ်။ အပျက်ဆိုတာက ရှေ့ကကြည့်စရာဖြစ်သွားတယ်။ မင်္ဂဆိုတာက ကြည့်စရာကို ကြည့်လိုက်တဲ့အတွက် မြင်တာကို မင်္ဂလို့ခေါ်တယ်။ ဒါဖြင့် အပျက်နဲ့မင်္ဂကို ကိုက်အောင်လုပ်ပါ။ အဲဒါကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မင်းစိတ်ကို မင်းကိုယ်တိုင် မြင်တာဆိုတော့မှ သန္ဒိဋ္ဌိကောဆိုတာ ကိုယ်တိုင်မြင်တာ။ ကိုယ်တိုင်မြင်တော့ စိတ်ကလေးကို ကိုယ်တိုင်မြင်သွားပြီ။ သူ့စိတ်ကလေးကို သူသိသွားပြီ။ ပင်ကိုယ်စိတ်၏သဘောကို သူသိသွားပြီ။ ကိုယ့်

အကြောင်း ကိုယ်သိတော့ ကိုယ့်ကိုယ်ဟာ မွေးလိုက်၊ သေလိုက်ဖြစ်နေတယ်။ မွေးလိုက်သေလိုက်ကိုသိတာ မဂ်နဲ့သိတဲ့အခါကျတော့ ကိုယ့်ခန္ဓာဟုတ်သေးရဲ့လား။ ကိုယ့်ခန္ဓာမဟုတ်တာ ကိုယ်သိတယ်။ နဂိုကတော့ ကိုယ့်ခန္ဓာလို့ ထင်တယ်။ အခုသေချာကြည့်တော့ မဟုတ်တော့ဘူး။ အကြောင်းတိုက်ဆိုင်လို့ ဖြစ်ပြီးသေသွားတာပဲ။ သေသွားတာကို သိလိုက်တော့ နဂိုကတော့ ကိုယ့်ခန္ဓာဟာ အသက် (၁၀၀) ရှည်တယ်လို့ ထင်ကြတာ။ အခုတော့ အသက် (၁၀၀)ဝေးလို့ မျက်စိတမှိတ်တောင်မှ မရှင်ပါလားလို့သိလာတယ်။ သိလာတော့ ကိုယ့်ခန္ဓာအကြောင်း ကိုယ်သိလာတယ်။ ဘယ်ထိအောင် ထိုးထွင်းသိသွားတုန်း ဆိုတော့ ခဏခဏ ဒုက္ခရောက်နေတဲ့ ကိုယ့်ခန္ဓာကို သိသွားတယ်။ မဂ်ကသိသွားတယ်။ ကိုယ့်ခန္ဓာကိုယ်ကိုလဲ မြင်စိတ်နဲ့ အသက်ရှင်နေတယ်။ ခဏပဲ အသက်ရှင်တယ်လို့ သိလာတယ်။

ဝိပဿနာဆိုတာ ကိုယ့်အသေကို ကိုယ်တိုင် မြင်အောင် ကြည့်ရတာကို ဝိပဿနာလို့ခေါ်တယ်။ ကြားစိတ်လေးက မိမိခန္ဓာကိုယ်ပဲ။ မိမိခန္ဓာကိုယ်ဆိုတော့ ဝိညာဏက္ခန္ဓာပဲ။ **မျက်လုံးမှာပေါ်တဲ့စိတ်၊ နားမှာပေါ်တဲ့စိတ်၊ ဒါတွေငါမဟုတ်ပါလား၊** ငါမဟုတ်လို့ သေတာပါလားလို့ ပေါ်လာတယ်။ ပေါ်လာတော့ ဒိဋ္ဌိကပြုတ်တယ်။ ဒိဋ္ဌိပြုတ်တော့ အပယ်က မကျဘူး။ ဒိဋ္ဌိကြောင့် အပယ်ကျတာကိုး။ ဒါကြောင့် ဝိပဿနာဆိုတာ ကိုယ်တိုင်ကြည့်လိုက်တဲ့အခါမှာ တွေ့ရမှာက ကိုယ့်အသေကို ကိုယ်မြင်တယ်။ ကိုယ့်အသေကိုယ်မြင်တဲ့ ပုဂ္ဂိုလ်ဟာ တဏှာသေတယ်။ ဒီလိုသေတဲ့ဟာမျိုး လိုချင်သေးလားဆိုရင် မလိုချင်တော့ဘူး။ **ကိုယ့်အသေ ကိုယ်မြင်တဲ့ ပုဂ္ဂိုလ်များ အနာဂတ် တဏှာသေတယ်။** လာလတ္တံ့တဏှာ သေတယ်။ အနာဂတ် တဏှာသေတော့ အနာဂတ်တဏှာကလုပ်မဲ့ ခန္ဓာပေါ်အုံးမလား။ မပေါ်တော့ဘူး။ အနာဂတ်တဏှာက မလုပ်နိုင်တော့ သူမှ လုပ်ခွင့်

မရတော့ သူကလုပ်မဲ့ ခန္ဓာလည်း မပေါ်တော့ဘူး။

ကိုယ့်အသေကိုယ်မြင်တာ ဘာကျေးဇူးရှိသတုန်းဆိုရင် အနာဂတ် တဏှာသေတယ်။ အနာဂတ် လာလတ္တံ့ဖြစ်တဲ့ တဏှာသေတယ်။ ပစ္စုပ္ပန်မှာ ကြားစိတ်လေးပေါ်တယ်။ ပစ္စုပ္ပန် ရှုနေတဲ့အချိန်မှာ ကိုယ့်အသေ ကိုယ်မြင် တော့ ဒိဋ္ဌိပြုတ်တယ်။ **ပစ္စုပ္ပန်မှာ ဒိဋ္ဌိပြုတ်တယ်။ အနာဂတ်မှာ တဏှာ ချုပ်တယ်။** ပစ္စုပ္ပန်မှာ ငါ့ဟာမဟုတ်လို့ သေတာပေါ့။ ဒါဖြင့် ပစ္စုပ္ပန်ပျက် တာသည် ကိုယ့်အသေ ကိုယ်မြင်လိုက်တော့ ငါမဟုတ်လို့ ပျက်စီးတာပေါ့ ဆိုတော့ ဒိဋ္ဌိပြုတ်တယ်။ ရှုနေတုန်းမှာ ရှုဆဲအခိုက်အတန့်မှာ မရှိတာတွေ တဲ့အတွက် ဒိဋ္ဌိသေပါတယ်။ ရှုတဲ့ဉာဏ်က အနာဂတ်တဏှာ သတ်ပါတယ်။

ကြားတဲ့စိတ်လေးကလဲ ပျက်သွားတယ်။ မရှိတော့ပါလားလို့ ဉာဏ်နဲ့ သိရမှာ။ ရှုတဲ့ပုဂ္ဂိုလ်မှာ သိပါတယ်။ ဒီမဂ္ဂင်က ပစ္စုပ္ပန်ရှုနေရင် ဒိဋ္ဌိသေတယ်။ ရှုဆဲအခိုက်အတန့်မှာပဲ ဖြစ်ပျက်မြင်ပြီး မဂ်ဖိုလ်ရတယ်။ မဂ်နဲ့ဒိဋ္ဌိသတ်ပစ် လိုက်တယ်။ နောက်လာမဲ့ အနာဂတ်တဏှာတွေလည်း လာခွင့်မပေးဘူး။ (၂)ခုသောကိစ္စ ရွက်ဆောင်တယ်။ မဂ်က ကိုယ့်အသေကိုယ်မြင်အောင်လဲ သူကြည့်နိုင်တယ်။ ရှေ့ပိုင်းမှာ ဒိဋ္ဌိသတ်တယ်။ နောက်ပိုင်းက တဏှာသတ် တယ်။ ရှုနေတဲ့အချိန်မှာ လာတိုင်းလာတိုင်း ကိုယ့်အသေကိုယ်မြင်အောင် ကြည့်နေတဲ့ ကျေးဇူးဟာဖြင့် အပယ်သွားစေတတ်တဲ့ ငါထင်နေတဲ့ ဒိဋ္ဌိလဲ သေတယ်။ အနာဂတ် ခန္ဓာတစ်ခုလုံး အပယ်ခန္ဓာဖြစ်ဖြစ် ဒုက္ခသစ္စာ ခန္ဓာ ဖြစ်ဖြစ်လုပ်မဲ့ တဏှာကို မဂ်နဲ့ပယ်သတ်တယ်။ ဒါဖြင့် ဒီမဂ်သည် ကိစ္စဘယ် နှစ်မျိုးရလဲ၊ နှစ်မျိုးရတယ်။ နှစ်မျိုးရွက်ဆောင်ပါတယ်။ မဂ်အမြင်သည် အလို လိုပေါ်လာတာလား၊ သတိထား အားစိုက်လို့ ပေါ်လာတာလားဆိုတော့ သတိထား အားစိုက်လို့ ပေါ်လာတာ။ သတိထား အားစိုက်လို့ ပေါ်လာ သောကြောင့် ကိုယ်အသေကိုယ်မြင်တဲ့ ပုဂ္ဂိုလ်ဟာ **(နောက်အသေကို**

**လိုချင်တဲ့တဏှာ)**၊ နောက်ခန္ဓာလိုချင်တဲ့ တဏှာမလာတော့ဘူး။

ဒါဖြင့် ဝိပဿနာဉာဏ်သည် ဘယ်နှစ်ကိစ္စရွက်ဆောင်သလဲ။ နှစ်ကိစ္စ ရွက်ဆောင်ပါတယ်။ ဒိဋ္ဌိကိုလဲ သတ်တယ်။ အနာဂတ်တဏှာကိုလည်း သေစေတယ်။ ဉာဏ်နားနဲ့ထောင်ကြည့်ကြပါ။ နိဗ္ဗာန်ဆိုတာ ဉာဏ်နဲ့သွားရတာပါ။ ဒါကြောင့် မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ တွေးစိတ်၊ အကုသိုလ်စိတ်တွေ အကုန်ရှုပစ်ပါ။ ရှုပစ်လိုက်တော့ကို ကိုယ့်ခန္ဓာသေတာ ကိုယ်မြင်တာပဲ။ ဝိပဿနာဆိုတာ ကိုယ့်ခန္ဓာသေတာ ကိုယ်မြင်အောင်ရှုတာ။ ကိုယ့်အသေ ကိုယ်မြင်အောင် ကြည့်ခိုင်းတာပဲ။ မြင်တဲ့အခိုက်အတန့် ဒိဋ္ဌိသေတယ်။ မြင်တဲ့ဉာဏ်က တဏှာသတ်တယ်။ မြင်တဲ့မဂ်ဉာဏ်သည် ဒိဋ္ဌိကို ပယ်စေတယ်။ တဏှာကိုလဲသတ်တယ်။

သံသရာမှာ ဒိဋ္ဌိတဏှာကြောင့် နောက်ခန္ဓာတွေ အမျိုးမျိုးဖြစ်ပြီးတော့ ဒုက္ခမျိုးစုံ ကိုယ်ပိုင်လုပ်နေရတာ။ အခုတော့ဖြင့် ဒါကြည့်လိုက်တာနဲ့ပဲ နောက်တဏှာသေတဲ့အတွက် နောက်ခန္ဓာတွေ မလာတော့ဘူး။ နောက်ခန္ဓာမလာချင်လို့ မလာတာလား။ အရင်အသေမြင်လို့ မလာတာလား။ အရင်အသေမြင်လို့ မလာတာ၊ ဒိဋ္ဌိနဲ့တဏှာပြုတ်တယ်။ အဝိဇ္ဇာပြုတ်ပုံ ပြောအုံးမယ်။

မျက်လုံးမှာဖြစ်တဲ့စိတ်ကလေး၊ နားမှာဖြစ်တဲ့စိတ်ကလေး ကြည့်လိုက်ရင် မရှိတာဘဲ။ **ကိုယ့်အသေကိုယ် မြင်သောကြောင့် အဝိဇ္ဇာချုပ်**တယ်။ မြင်တတ်တဲ့သဘော သမ္မာဒိဋ္ဌိကြောင့် မမြင်တဲ့ အဝိဇ္ဇာချုပ်တယ်။ ကိုယ့်အသေ ကိုယ်မြင်တာသည် ဒိဋ္ဌိလဲပြုတ်တယ်။ အဝိဇ္ဇာကိုလဲ သေစေတယ်။ ခန္ဓာကိုယ်ကိုလဲ လာခွင့်မပေးဘူး။ ဝိပဿနာကျေးဇူး ဘယ်လောက်များလဲ။

**မြင်စိတ်လေး ကြည့်တော့ မရှိ**တော့ဘူး။ မပိုင်တာသိသောကြောင့်

**ဒိဋ္ဌိပြုတ်**သွားတယ်။ ကိုယ့်အသေကို မြင်သောကြောင့် **အဝိဇ္ဇာပြုတ်** သွားတယ်။ ကိုယ့်အသေကို မြင်သောသူသည် **နောက်တဏှာ**ကို မဖြစ်စေတော့ဘူး။ အဝိဇ္ဇာ၊ တဏှာ၊ ဒိဋ္ဌိ၊ တစ်ချီတည်း အကုန်ပြတ်တယ်။ သံသရာပြတ်တဲ့တရားပဲ။ **တချက်ခုတ် သုံးချက်ပြတ်**တယ်။ ဒိဋ္ဌိသေတော့ ပပဉ္စတရားသေတာပဲ။ တဏှာသေတော့လဲ ပပဉ္စတရားသေတာဘဲ။ အဝိဇ္ဇာသေတော့လဲ ဝိဇ္ဇာဖြစ်နေတော့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်အောင် လုပ်တော့မှာ။ (၃)ချက် ကျေးဇူးများတယ်။ အမြင်ခံရတာက ဒိဋ္ဌိပြုတ်တယ်။ မြင်ဉာဏ်က ဝိဇ္ဇာ၊ နောက်အနာဂတ် တဏှာကိုလဲ ဒီမြင်တဲ့ဉာဏ်ကပဲ သတ်ပစ်တာ။

စားတဲ့စိတ်ကလေး ကြည့်တော့ရှိသေးလား။ မရှိတော့ဘူး။ မိမိမရှိဘူးဆိုတာသိတော့ ပုဂ္ဂိုလ်သတ္တဝါ ရှိသေးလား။ မရှိတော့ဘူး။ သာမညမျက်လုံးနဲ့ ကြည့်တာလား၊ ဝိဇ္ဇာမျက်လုံးနဲ့ ကြည့်တာလား။ ဝိဇ္ဇာမျက်လုံးနဲ့ကြည့်တာ။ အဝိဇ္ဇာ မကွယ်နိုင်လို့ အဝိဇ္ဇာချုပ်သွားတယ်။ ဒီလိုမြင်တဲ့ပုဂ္ဂိုလ်ဟာ နောက်ဒီခန္ဓာမျိုး ရချင်သေးလား။ မရချင်တော့ဘူး။ ဒါဖြင့် ဒိဋ္ဌိလဲသေတယ်။ အဝိဇ္ဇာလဲချုပ်တယ်။ တဏှာလဲသေတယ်။ မာနလဲရောပြီးသေတယ်။

ဒါဖြင့် ဘယ်သူ အဓိကထားလုပ်ကြမှာတုန်း။ ဝိပဿနာ အဓိကထားလုပ်ရမယ်။ ယားစိတ်လေးကြည့်လိုက်တော့ မရှိတော့ဘူး။ ကာယဝိညာဏ်လေးသေတယ်။ ကိုယ်သိတာ ဒီဟာလေးနဲ့ အသက်ရှင်တယ်။ ဒီဟာလေးသေတယ်။ အဲဒါမြင်လိုက်ရင် ဒိဋ္ဌိသေတယ်။ ကိုယ့်အသေကိုယ်မြင်တယ်။ ဒိဋ္ဌိမရှိတော့ဘူး။ ပုဂ္ဂိုလ်သတ္တဝါမရှိတဲ့သဘော မြင်တယ်။ ကိုယ့်အသေကိုယ်မြင်တော့ ဒီမျက်လုံးသည် အဝိဇ္ဇာလား၊ ဝိဇ္ဇာလား။ ဝိဇ္ဇာမျက်လုံးပါ။ ဝိဇ္ဇာမျက်လုံးလာကတည်းက အဝိဇ္ဇာသေပြီ။ ဒီလိုမြင်တဲ့ ပုဂ္ဂိုလ်ဟာ

နောက်ထပ် ဒီခန္ဓာမျိုး မလိုချင်တော့ဘူး။ မလိုချင်တော့ တဏှာသေတယ်။

**တချက်မြင်ရင် ဒိဋ္ဌိ၊ အဝိဇ္ဇာ၊ တဏှာသေတယ်။**

ဓမ္မကပြတာရှု၊ ကိုယ်ကရှုရင် လုပ်တဲ့သဘောရောက်တယ်။ လုပ်တဲ့သဘောရောက်ရင် ဝိပဿနာမဟုတ်ဘူး။ ဓမ္မကပြောတာလိုက်နာ၊ ဉာဏ်က မလွတ်စေနဲ့။ စောင့်ကြည့် ဓမ္မကပြောတာကြည့်ရင် မှန်တယ်။

ဖြစ်စဉ်ကိုကြည့်တော့ မခိုင်မမြဲပါလားလို့ တွေ့လာမယ်။ မမြင်ဖူးတာမြင်ရတဲ့အတွက် ရှေးကမမြင်ဖူးတာက အဝိဇ္ဇာဖုံးတယ်။ ခုမြင်ရတဲ့အတွက် ဝိဇ္ဇာဖြစ်တယ်။ ဒီလိုမြင်ရ တဲ့အတွက် အမြင်မှန်ရတယ်။ အမြင်မှန်ရတဲ့အတွက် နောက်ခန္ဓာလဲ မတောင့်တတော့ဘူး။ တဏှာလဲသေတယ်။ တစ်ချက်နဲ့ သုံးချက်ပြီးသွားတယ်။ ဒိဋ္ဌိလဲသေတယ်။ အဝိဇ္ဇာလဲသေတယ်။ တဏှာလဲသေတယ်။ တဏှာ ဥပါဒါန် ကံလာသေးလား။ မလာတော့ဘူး။ နောက်ဘဝဖြစ်ကြောင်းလဲ မလာတော့ဘူး။ ကံမလာတာသည် သူ့ကို ကိုယ်တိုင်မြင်လို့ သူ့မကောင်းကျိုးတွေ မပေးတော့ပါဘူး။ သူ့ကို သန္တိဋ္ဌိကောနဲ့ မြင်ခဲ့တဲ့အတွက် အကာလိကော လိုက်တယ်။ မဂ်က အခါမလင့် အကျိုးပေးလို့ တဏှာ ဥပါဒါန် ကံချုပ်တယ်။ တဏှာ ဥပါဒါန် ကံချုပ်တော့ ဇာတိ၊ ဇရာ မရဏ လာအုံးမလား။ မလာတော့ဘူး။ မလာလို့ရှိရင် နိဗ္ဗာန်ပဲ။

ဧဟိပဿိကော၊ တရားက ငါ့လာရှုဆိုတော့ ပေါ်တဲ့စိတ်က သူဘယ်လိုနေတယ်ဆိုတာ လာရှုခိုင်းတာ။ ခန္ဓာက အနိစ္စ ပြဖို့ခေါ်တာ။ အနိစ္စပြပြီးရင် နိဗ္ဗာန်ပြမယ်။ ပထမ အနိစ္စက ခေါ်မယ်။ ရှုနေတုန်းတော့ အနိစ္စကခေါ်မယ်။ ရှုလို့ အနိစ္စတွေ မြင်လိုက်၊ မုန်းလိုက်၊ မရှိချင်တော့ဘူး။ အနိစ္စတွေ မလိုချင်တော့ဘူးဆိုရင် နိဗ္ဗာန်က ခေါ်မယ်။ ကဲ. . . ဒီတွင် တော်ကြဦးစို့။

သာဓု၊ သာဓု၊ သာဓု

# နိဗ္ဗာန်၏ အရသာ
# (၁၆-၁၂-၅၇)

ဒကာ-ဒကာမတို့ ဗုဒ္ဓဘာသာတိုင်းဟာ နိဗ္ဗာန်ကိုသိထားဖို့ အရေးကြီးတယ်။ လှူတုန်းတော့ နိဗ္ဗာန်ရောက်ပါစေလို့ အသံထွက်သော်လည်း စိတ်ကမပေါ့တပါ။ စီစစ်လိုက်တော့ နိဗ္ဗာန်ရဲ့ အရသာကို မသိတဲ့အတွက်ဘဲ။

ဒါကြောင့် နိဗ္ဗာန်သိဖို့ အရေးကြီးတယ်။ ဝိဝေကဌ္ဌော နှောင့်ယှက်ခြင်းမှ ကင်းဆိတ်ရာသည် နိဗ္ဗာန်မည်၏။ နိဗ္ဗာန်သဘောတရားဟာ အနှောင့်အယှက် ဘာမှမရှိတာ၊ ပင်ကိုယ်သဘောက ကြည်လင်အေးမြပြီး မနှောင့်ယှက်တဲ့ နေရာမျိုးပဲ။ ဒကာဒကာမတို့ နေကြထိုင်ကြတာ အနှောင့်အယှက်နဲ့ အမြဲဒွန်တွဲလျက် အေးချမ်းတယ်လို့မရှိဘူး။ ဒီလိုအနှောင့်အယှက် မကင်းတာတွေမြင်မှ အနှောင့်အယှက်ကင်းတဲ့နိဗ္ဗာန်ကို သဘောကျလိမ့်မယ်။

ဒီတော့ အခုပြောမှာက နိရောဓသစ္စာကိုပဲ ပြောရလိမ့်မယ်။ နိရောဓသစ္စာထဲမှာ **နိဿရဏဋ္ဌဆိုတာ ဝဋ်သုံးပါးမှ ထွက်မြောက်ကြောင်း** ဟောပြီးပြီ၊ ဝိဝေကဋ္ဌော အဓိပ္ပါယ်ကို ယနေ့ပြောရမယ်။ ဝိဝေကဋ္ဌောအဓိပ္ပါယ်မှာ **နိဗ္ဗာန်သည် ဝိဝေကဋ္ဌ**ရှိတယ်။ မြန်မာလို **ဆိတ်ငြိမ်ခြင်းသဘော** ရှိတယ်လို့ မှတ်ရမယ်။ ဆိတ်ငြိမ်တာက ဘာလဲလို့ မေးလို့ရှိရင်ဖြင့် ရုပ်နာမ်ဟူသည် ခဏခဏဖြစ်ပျက်နေတဲ့ အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရား၊ ဘယ်အချိန် ကြည့်လိုက်ကြည့်လိုက် ဉာဏ်မျက်လုံးထဲမှာ ရှုပ်ယှက် ခတ်နေတယ်။ နိဗ္ဗာန်ဆိုတာ အဲသည်လို ရှုပ်ယှက်ခတ်တဲ့ သဘောတော့ မရှိဘူး။

ဒါကြောင့် နိဗ္ဗာန်သည် သစ္စာအနက် (၁၆)ချက်မှာ ဝိဝေကဋ္ဌောဆိုတဲ့နှောင့်ယှက်ခြင်း၊ ရှုပ်ယှက်ခတ်ခြင်းမှ ဆိတ်ငြိမ်ခြင်းသဘောရှိတယ်။ ဝိပဿနာရှုတဲ့အဆုံးကြတော့ ရှုပ်ယှက်ခတ်နေတာမှလွတ်ပြီး ဩော်-ဒီနေရာမှသာလျှင် ရှုပ်ယှက်ခတ်မှုချုပ်ငြိမ်း၍ ရုပ်သိမ်းပြီး ငြိမ်းအေးနေတဲ့

သဘောပါလား၊ ဒီနေရာကို **အာရုံပြုသောအားဖြင့်ရောက်မှ ကိုယ်တိုင်ရောက်ဆိုတဲ့** ဒီအရောက်နှစ်ခု ကြုံရဆုံရမယ်ဆိုရင်ဖြင့် ဘာအနှောင့်အယှက်မှ မရှိပါလားလို့ ဉာဏ်မှာ မြင်လာတာ။

ကိလေသာတည်းဟူသော အနှောင့်အယှက်၊ ကံတည်းဟူသော အနှောင့်အယှက်၊ အကျိုးပေးတည်းဟူသော အနှောင့်အယှက်၊ ဒါတွေမှ အကုန်ကင်းဆိတ်ပြီး သကာလနေပါလိမ့်မယ်။ ဒါဖြင့် နိဗ္ဗာန်ကို ဝိကေကဋ္ဌ သဘောနဲ့ ဟောရမယ်ဆိုလို့ရှိရင် အလုပ်ပြအုံးမှ ခင်ဗျားတို့ကရှင်းမယ်။

## နိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ်

ကဲဒါဖြင့် နိဗ္ဗာန်ရောက်ကြောင်းတရားလေးကို ရှေးဦးစွာ ကျင့်စဉ်အရင်ပြတော့မယ်။ ဘုန်းကြီးက ဒကာဒကာမတွေကို ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မနုပဿနာဆိုတဲ့ အနုပဿနာသုံးပါးနဲ့ နိဗ္ဗာန်အရောက်ပို့နေတယ်လို့ မှတ်ကြပါ။

ဒီတော့ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ၊ ဝေဒနာ သုံးမျိုးရှိတယ်။ ဒကာဒကာမတွေ သုခဝေဒနာဆိုတာ ချမ်းသာတာလေးသက်သက်ပဲ၊ ကိုယ်ပေါ်မှာ ချမ်းသာတယ်၊ စိတ်ထဲမှာ ချမ်းသာတယ်။ ဒုက္ခဝေဒနာက ကိုယ်ပေါ်မှာ နာကျင်ကိုက်ခဲ ဆင်းရဲတယ်၊ စိတ်ထဲ ဒေါမနဿဖြစ်တယ်။ ဥပေက္ခာဝေဒနာက မျက်လုံး၊ နား၊ နှာခေါင်း၊ လျှာမှလည်း၊ မြင်ကာမတ္တ၊ ကြားကာမတ္တ၊ နံကာမတ္တ၊ လျက်ကာမတ္တ၊ စိတ်မှာလဲ အာရုံပြုကာမျှကို ဥပေက္ခာဝေဒနာလို့ ဆိုတယ်။

ကောင်းပြီ ဒီဝေဒနာတွေဖြစ်တဲ့အခါ ဒကာဒကာမတွေက ဝေဒနာသည် သူနဲ့ဖြစ်ဖော်ဖြစ်ဖက်နှင့်တကွ ခြောက်ခုရှိတယ် မှတ်လိုက်တော့၊ ဝေဒနာချန်လှပ်ပြီး ကျန်တဲ့စေတသိက်ငါးခုက ဓမ္မာနုပဿနာဖြစ်မယ်၊ ဝေဒနာနဲ့သဟဇာတဖြစ်နေတဲ့ စိတ်က စိတ္တာနုပဿနာဖြစ်မယ်။

ဒါဖြင့် ဝေဒနာရှုရင် ဝေဒနာနုပဿနာ၊ ဓမ္မာနုပဿနာ၊ စိတ္တာနုပဿနာ သုံးခုပါတယ်။ ကောင်းပြီ ဒါဖြင့် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာလို့ ဘုရားကဟောတယ်။ သုခဝေဒနာပေါ်တဲ့အခါ ကျန်ဝေဒနာနှစ်ပါး မရှိဘူးလို့ မှတ်ထားရမယ်။ ဒုက္ခဝေဒနာပေါ်တဲ့အခါ ကျန်ဝေဒနာနှစ်ပါး မရှိဘူး။ ဥပေက္ခာဝေဒနာပေါ်တဲ့အခါ ကျန်ဝေဒနာနှစ်ပါးမရှိဘူး။ သြော် ဒါဖြင့် ဝေဒနာက္ခန္ဓာတော့ ဝေဒနာက္ခန္ဓာပဲ ဒီဝေဒနာ သုံးမျိုးဟာ အလှည့်ကျနဲ့ ဒကာဒကာမတွေ သန္တာန်၌ အမြဲကိန်းအောင်း နေတာပဲ ဆိုတာတော့ မှတ်ထားပေါ့။ ဝေဒနာ ဘယ်အချိန်ကင်း သတုံးလို့မေးရင် ဝေဒနာသုံးခု တစ်ခုခုကတော့ ရှိနေတယ်လို့ မှတ်ထားပါ။

ဝေဒနာ၏အသက်တမ်းဟာ ပြောရမယ်ဆိုရင် တစ်နဲ့နှစ်ပဲ။ အဖြစ်နဲ့ အပျက်ပဲရှိတယ်လို့ မှတ်ထားရမယ်။ သုခဝေဒနာ၏သက်တမ်းသည် တစ်နဲ့ နှစ်ပဲရှိတယ်။ တစ်မှာဖြစ်တယ်၊ နှစ်မှာပျက်တယ်။ ခင်ဗျားတို့ ခန္ဓာမှာ ပေါ်တဲ့ အသက်တမ်းသည် တစ်နဲ့နှစ်ပဲ။ သြော် ဖြစ်ပျက်ပဲရှိတယ်။

ဒီတော့ ဒကာဒကာမတို့ မရှိတာသည် အနိစ္စလို့ မှတ်ထား၊ သိတာ သည် မဂ္ဂလို့မှတ်ထား၊ သြော် ဒါဖြင့် မရှိတာ-အနိစ္စ၊ သိတာက-မဂ္ဂဆိုတာ ရှေးဦးစွာ မှတ်ထားပါ။ ဝေဒနာရှုဆိုတာ နာမည်တပ်လိုက်တာပါ။ ရှုရမှာက အနိစ္စရှုရမှာ၊ ဝေဒနာရှုလို့ဆိုတာက ဘယ်သူသေသတုံးလို့ မေးတဲ့အခါ နာမည်လေး ထုတ်ဖော်ပြောမှသာလျှင် **သေတဲ့ဝတ္ထုက ထင်ရှား**တယ်။

ဒါကြောင့် 'ဝေဒနာရှုဆိုတာ၊ ဝေဒနာရှုခိုင်းတာ မဟုတ်ဘူး၊ ဖြစ်ပျက် ရှုခိုင်းတာ'။ ဘယ်နှယ့်ကြောင့် ဝေဒနာနုပဿနာဆိုပြီး အရှင်ဘုရားက ဖြစ်ပျက်ရှုခိုင်းရသတုံးလို့ မေးခွန်းထုတ်ရင်ဖြင့် ရှင်းသထက်ရှင်းအောင် ယနေ့ ဒကာဒကာမတွေ ပြောပြမယ်နော်။ ဥပမာ-သုခဝေဒနာဆိုတော့ ချမ်းသာတာ ကိုယ်မှာပေါ်တယ်ထား၊ ကိုယ်မှာပေါ်တဲ့ ဝေဒနာပဲ မှတ်လိုက်

ပါတော့၊ အင်း ကိုယ်မှာပေါ်နေတုံး ဝမ်းထဲမှာ ရှုတဲ့စိတ်က မပေါ်နိုင်ဘူး။ ဒါက ကာယဒွါရ၊ ဒါက မနောဒွါရ။ သုခဝေဒနာက ဘာဒွါရမှာပေါ်တာတုံး၊ ကာယဒွါရဆိုရင် မသိဘဲနေမှာစိုးလို့ ကိုယ်မှာပေါ်တယ်။ ရှုတဲ့ဉာဏ်က ဝမ်းထဲကနေပြီး ဟဒယဝတ္ထုပေါ်ကနေရှုရတော့ သူရှိတုံးကို ရှုတဲ့ဉာဏ် ပေါ်သလား၊ သူမရှိမှ ရှုတဲ့ဉာဏ်ပေါ်သလားဆိုတာ တွေးကြည့်ကြစမ်းပါ။ သူမရှိမှ ဉာဏ်ပေါ်တယ်ဆိုသဖြင့် ဩော် ဒါကြောင့် မရှိတာ အရှုခိုင်းတာကိုး။

ဩော် ဒါဖြင့် မရှိတာ-အနိစ္စ၊ သိတာက-မဂ္ဂ၊ ဒါမှတ်ထားပါ။ ဒါဖြင့် ဒကာဒကာမတို့ မရှိတာ-အနိစ္စ၊ မရှိမှန်းသိတာက-မဂ္ဂဆိုတော့ မရှိတဲ့ အချိန်မှ ဒီကရှုရသည် ဖြစ်လေသောကြောင့် ဝေဒနာတွေ့သလား၊ မရှိတာ တွေ့သလားလို့ ထောက်ကြည့်။ ဒါဖြင့် ဝေဒနာနုပဿနာဆိုတာ **သက်သက် ဆိုင်းဘုတ်**ဆွဲထားတာပဲ၊ အနိစ္စရှုခိုင်းတာပဲ၊ အနိစ္စရှုခိုင်းတာပဲဆိုတာ ကျေနပ်ပြီလား။

ဒါဖြင့် ဝိပဿနာရှုတာသည် နှောင့်ယှက်တာ အရှုခိုင်းတာလို့မှတ် လိုက်။ ဘယ်အချိန်ပဲ အရှုခိုင်းခိုင်း ခင်ဗျားတို့ဉာဏ်မှာဖြင့် ဟိုနေရာကြည့် လိုက်လဲ ဖြစ်ပျက်သွားတာတွေ့တာပဲ၊ ဒီနေရာကြည့်လိုက်လဲ ဖြစ်ပျက် သွားတာတွေ့တာပဲ။ ဒါဖြင့် ဉာဏ်မှာ အမြဲတမ်း ဖြစ်ပျက်တည်းဟူသော အနှောင့်အယှက်တွေ ဉာဏ်နဲ့အမြဲမြင်မနေဘူးလား။ ဒါဖြင့် ဒါနှောင့်ယှက် ခြင်းကင်းတယ်လို့ ဆိုမလား၊ မကင်းဘူးလို့ဆိုကြမလား၊ မကင်းသေးတော့ ဒီအလုပ်သည် လုံ့လဗျာပါရ စိုက်ရတဲ့အလုပ်။ လုံ့လ စိုက်ရတဲ့အလုပ်ဆိုရင် ခင်ဗျားတို့ မသိမှာစိုးတဲ့အတွက် **သမ္မာသက်ပွဆိုတာ ကြံရတယ်၊ သမ္မာ ဒိဋ္ဌိဆိုတာ မြင်ရတယ်။** ကြံရတယ်၊ သိရတယ်ဆိုတော့ ကြံတဲ့အလုပ် ဟာလဲ အားစိုက်တဲ့ အလုပ်ဆိုရင် လွဲပါ့မလား။

ဒါဖြင့် ဒီဥစ္စာသည် ကိုယ်၏အဖြစ်အပျက် **အာရုံ၏အဖြစ်အပျက်**ကို

အမြဲကြည့်နေရတော့ **သတိကလဲ ထားလိုက်ရတဲ့ဖြစ်ခြင်း၊** မပြောပါနဲ့တော့။ **ဝီရိယကလဲ စိုက်လိုက်ရတဲ့ဖြစ်ခြင်း** မပြောပါနဲ့တော့၊ **သမာဓိကလဲ တည်ကြည်ရတဲ့ဖြစ်ခြင်း** ဘယ်မှမရွေ့ရအောင် ဖြစ်ပျက်ဆီချည်းတည့် နေရအောင်၊ အမြဲတမ်းဂရုမစိုက်ရဘူးလား၊ ဒါဖြင့် ဒီဥစ္စာ အားစိုက်နေရတဲ့အလုပ်။ ဒီတော့ ပုဂ္ဂိုလ်ဟာ ပင်ပန်းသလား၊ ဆင်းရဲသလားဆိုတာ ခင်ဗျားတို့ကို မေးကြည့်ရင်သိမယ်။

ဩော် ဒါဖြင့် နိဗ္ဗာန်ရောက်တော့ ဒီလိုပင်ပန်းနေအုံးမှာလားလို့ မေးခွန်းထုတ်ရလိမ့်မယ်။ မပင်ပန်းပါဘူး။ နိဗ္ဗာန်ရောက်သွားတဲ့ ပုဂ္ဂိုလ်ကျတော့ ရုပ်ယုက်ခတ်တာ မြင်ရသလား၊ ငြိမ်းချမ်းတာ မြင်ရသလား၊ ငြိမ်းချမ်းတာမြင်ရပါတယ်။ ဒါဖြင့် နှောင့်ယှက်ခြင်းမှကင်းတဲ့ နိဗ္ဗာန်ကိုပြချင်လို့ရှိရင် ရုပ်ယုက်ခတ်တာက စပြရမယ်။ ဒါမှရှင်းတာသိမယ်။ ဒါဖြင့် သုံးဆယ့်တစ်ဘုံအရုပ်ကို တကယ်မုန်းလို့ရွံ့တဲ့ပုဂ္ဂိုလ်မှ အရှင်းရောက်တယ်။ ကိုင်း ဒကာဒကာမတို့ ဝိပဿနာလုပ်တာတောင်မှ ဖြစ်ပျက်တွေဟာ ဉာဏ်အောက်မှာ ရုပ်နေတာပဲ။ ဩော် နိဗ္ဗာန်ဆိုတာ အရှင်းဓာတ်၊ အလင်းဓာတ်ဆိုတဲ့ ဥစ္စာသည် ဒကာဒကာမတို့ သေသေချာချာ မှတ်ထားတော့။

ကိုင်းဒါဖြင့် ဖြစ်ပြီးမရှိတာတွေ့တော့ ဖြစ်ပြီးမရှိတာကို 'ဟုတွာ အဘာဝေဌေန အနိစ္စံ'လို့ ပြောဆိုကြတဲ့အတိုင်း အနိစ္စတွေ့တာပဲ၊ အနိစ္စဆိုတာ အခုမွေး အခုသေတာကိုပြတာ။ အဲဒီတော့ ဉာဏ်ထဲ ဘယ့်နှယ်နေတုံး၊ ရှုပ်နေတာ၊ ဘယ်လိုကြည့်လိုက်ကြည့်လိုက် ဒါမျိုးချည်းတွေ့နေမယ်။ ဒါဖြင့် နိဗ္ဗာန်သည်ကားလို့ဆိုရင် ဤကဲ့သို့ အဖြစ်အပျက်မရှိဘူးလို့ မှတ်ရလိမ့်မယ်။

ခန္ဓာထဲဘာတွေရှိနေလဲ၊ ရုပ်ဘက်က ဖြစ်ပျက်ကော ရပ်စဲရဲ့လား၊ နာမ်ဘက်က ဖြစ်ပျက်ကကော မရပ်စဲတော့ အဲဒီရှုပ်ယှက်ခတ်ကို ခင်ဗျားတို့ကလဲမမြင်ဘူး၊ ဟိုအရှင်းဆိုတဲ့ နိဗ္ဗာန်အသာထားစမ်းပါဦး။ ကဲဒါဖြင့်

ဝေဒနာရှုတော့ ဘာတွေ့ကြတုံး၊ ရှုတဲ့ပုဂ္ဂိုလ်မှတွေ့မယ်၊ မရှုတဲ့ ပုဂ္ဂိုလ်မှာ မတွေ့ပါဘူး။ **မရှုတဲ့ပုဂ္ဂိုလ်မှာ ရှိတာလဲမသိဘူး၊ မရှိတာလဲမသိဘူး၊** မရှုတော့ ရှိမှန်းကော သိရဲ့လား၊ မရှိမှန်းကော ဒါဖြင့် ရှိ-မရှိမှ မသိတဲ့ပုဂ္ဂိုလ်။

အဝိဇ္ဇာအုပ်ချုပ်နေတော့ မောဟုမ္ဗတ္တကဆိုတဲ့ မောဟဟူသည် ရှိတာလဲမသိဘူး။ မရှိတာလဲ မသိဘူး။ မောဟုမ္ဗတ္တကဗျ၊ မောဟဆိုတာ အရှုး၊ မသိရှုး ရှုးနေတဲ့အတွက် ကိုယ့်သန္တာန်မှာ ဖြစ်ပေါ်သွားတဲ့ သုခဝေဒနာလဲ မသိလိုက်၊ ဒုက္ခဝေဒနာကော။ ခင်ဗျားတို့က မသိလိုက် ပြောသော်လဲ ဝေဒနာက သူကျေးဇူးပြုစရာရှိတဲ့ဆီ ကျေးဇူးပြုသွားမယ်။

ဝေဒနာပစ္စယာတဏှာကိုး။ ဒီလို ကျေးဇူးပြုသွားတယ်။ ခင်ဗျားတို့ကမသိလိုက်ဘူး။ သူကတော့ တဏှာဖြစ်အောင်ကျေးဇူးပြုတယ်။ တဏှာဖြစ်တာလဲ မသိလိုက်ပြန်ဘူးဆိုတော့ တဏှာပစ္စယာဥပါဒါန်၊ ဥပါဒါန်ဖြစ်တာလဲမသိလိုက်ပြန်တော့ ဘဝဖြစ်၊ ဘဝပစ္စယာဇာတိကျအောင် ခင်ဗျားတို့တော့ မသိလို့လုပ်မိပေမယ့်လဲ အပြစ်မလွတ်ဘူး။

ဝိပဿနာဉာဏ်လုပ်တော့ မရှိတာဘာတုံး-အနိစ္စ၊ မရှိမှန်းသိတာ-မဂ္ဂ၊ မဂ္ဂဆိုတော့ကို သြော် ပဋိစ္စသမုပ္ပါဒ် ပြတ်ထွက်သွားပြီ။ ဘယ်နေရာက စပြတ်သွားပါလိမ့်၊ တဏှာနိရောဓော တဏှာမလာဘဲနဲ့ ပြတ်တယ်။ မဂ်က ဖြတ်လိုက်တာ၊ မဂ်ကဖြတ်လိုက်တော့ တဏှာလာသေးရဲ့လား၊ တဏှာက ကျေးဇူးပြုမှပေါ်မဲ့ ဥပါဒါန်ဆိုတာ တဏှာမပေါ်ရလို့ပဲ ချုပ်ငြိမ်းတယ်။

## မွေးတာနဲ့သေတာ အကြည့်ခိုင်းတာ

ဝိပဿနာရှုဆိုတာ အသေရှုပ်ယှက်ခတ်နေတာကို အရှုခိုင်းတာ။ သြော် ရှုပ်ယှက်ခတ်သေပြန်တဲ့အခါကျတော့ သေတာတွေမြင်၊ မွေးတာတွေမြင်၊ ဒါတွေချည်းမြင်နေတော့ ခင်ဗျားတို့ ဉာဏ်သည်ပင်လျှင် ပြောင်းနေတယ်။ ဒီရှုပ်ယှက်ခတ်တာချည်း ကြည့်နေရတာဖြင့်ကွာ ကြည့်ကိုမကြည့်

ချင်ဘူးလို့ မပြောင်းဘူးလား၊ ကြည့်ကိုမကြည့်ချင်တော့ဘူးဆိုတော့ သူတို့ ရှိလျက်သားနဲ့ကို မကြည့်ချင်ပဲနဲ့ ကြည့်နေရတော့ မကြည့်ချင် မြင်လျက် သားဆိုတဲ့အတိုင်း မုန်းလျက်နဲ့ပေကြည့်နေရတယ်။

ဒီတော့ ခုနကရှုပ်ယှက်ခတ်မြင်တာက ယထာဘူတဉာဏ် ရှုပ်ယှက် ခတ်တာတွေ မကြည့်ချင်ပဲနဲ့ ပေကြည့်နေရတာက နိဗ္ဗိဒါဉာဏ်၊ ရှုပ်ယှက် ခတ်တယ်လို့ သိနေတဲ့ ယထာဘူတဉာဏ်က မဂ္ဂင်ငါးပါး၊ တကိုယ်လုံး ဉာဏ်နဲ့ စိုက်ကြည့်လိုက်တော့ ဖြစ်ပျက်နဲ့ဉာဏ်ဟာ ခွဲလို့မရတော့ဘူး။ ထိုကဲ့သို့ ဖြစ်ပျက်နဲ့ဉာဏ်နဲ့ ခွဲလို့မရတော့ ဩော် ဒီဝဠ် ဘယ်တော့ ကျွတ်ပါ့မတုံး ဆိုတာတွေ မလာဘူးလား။ ဒါဝိပဿနာ အလုပ်သမားမှ လာမယ်နော်။

ကိုင်း ဒါဖြင့် ရှုပ်ယှက်ခတ်တာတွေကို ရွံ့မုန်းလျက်နဲ့ပေကြည့်နေရ တယ်။ ရွံ့မုန်းလျက်နဲ့ ပေကြည့်နေရတော့မုန်းစရာကြီးပါလားဆိုတာ ဉာဏ်ပြောင်းမသွားဘူးလား။ အဲဒီလိုပြောင်းတော့ နိဗ္ဗိဒါဉာဏ် ထိုးတက် သွားတယ်။ နိဗ္ဗိဒါဉာဏ် ထိုးတက်သွားတဲ့အခါကျတော့ ဝေဒနာသုံးပါးကို ငြီးငွေ့မယ်။ ငြီးငွေ့တာတွေ သန်လေလေ၊ ကောင်းလေပဲ၊ ငြီးငွေ့တာသန်ရင် မလိုချင်တာမြင်မှာပဲ။ ဒါဖြင့် ငြီးငွေ့ပေမယ့်လဲ ပေပြီးစိုက်ရှုပါ၊ ပေစိုက်ပြီး ရှုပြီဆိုမှဖြင့် ဘဝသံသရာမှာ အပြစ်ကြီးသင့်ပြီးသကာလ ခဏခဏမွေး၊ ခဏခဏသေပေါ့ဗျာ၊ ဒါဘာသစ္စာဖြစ်သွားသတုံး။ အင်း ဝိပါက ဒုက္ခသစ္စာပဲ လို့ သိလိုက်တဲ့အခါကျရင်ဖြင့် ဒုက္ခသစ္စာဟာ ဘယ်ဟာသုခပါသေးလဲ။ ဘယ်ဟာမှ သုခမပါတော့ဘူး၊ ဒုက္ခအစစ်ပဲလို့ ဆုံးဖြတ်ချက်ချလိုက်တဲ့ အချိန်မှာ ဖျတ်ဆိုသူချုပ်သွားတယ်။

ရှေးက ဖြစ်ပျက်တွေ တွေ့သေးရဲ့လား၊ မတွေ့တော့ ဒီမှာ ဖြစ်ပျက်မရှိ တာဘဲ ကျန်ရစ်တော့တယ်။ ကိုင်း ဒကာဒကာမတို့ ခုနက ရှုပ်ယှက်ခတ် တာတွေကို ဒုက္ခအစစ်ပဲလို့ ကိစ္စဉာဏ်နဲ့ ပိုင်းဖြတ်လိုက်ပါ။ ပိုင်းဖြတ်လိုက်

သည်နှင့်တစ်ပြိုင်နက် ပိုင်းခြားတဲ့ဉာဏ်နဲ့ဆိုရင် မဂ္ဂင်ရှစ်ပါး ပြည့်တယ်။

ဒီဉာဏ်နဲ့ နိဗ္ဗာန်က အတည့်ဖြစ်လာတဲ့အခါ ဒုက္ခသစ္စာက ဘေးထွက်တယ်နော်။ ဪ နိဗ္ဗာန်ဆိုတာ ဝိဝေကဌော နှောင့်ယှက်ခြင်းမှ ဆိတ်သုဉ်းတယ်၊ ကိလေသာနှောင့်ယှက်ခြင်းမှ ကင်းဆိတ်တယ်၊ ဒီဖြစ်ပျက်တွေက ခင်ဗျားတို့ ကိလေသာမကုန်လို့ရှိရင် ပေါ်ကြအုံးမှာဘဲ။ ကိလေသာမကုန်တဲ့ ပုဂ္ဂိုလ်မှာ ကိလေသာကအကြောင်း၊ သူကအကျိုး၊ **ကိလေသာကထွက်တဲ့ ကိလေသာရုပ်တွေကို အာသဝေါ၏ အာရုံတွေလို့ မဆိုနိုင်ဘူးလား။**

## သောတာပတ္တိမဂ်

အဲဒီတော့ မဂ်သည် ဘာပြုလို့မြင်ရပါလိမ့်လို့ မေးခွန်းထုတ်ရင် မဂ်ဉာဏ်က ရှင်းတာတွေ့လို့ ဝိပဿနာဉာဏ်ကတော့ ရှုပ်တာတွေ့လို့။ ဪဒါဖြင့် ဒီဉာဏ်ဟာ အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်များအတွက် စခန်းဘယ်နေရာမှာ သတ်ပါလိမ့်မလဲဆိုရင် ရှုပ်ယှက်ခတ်တာ မတွေ့ရင် စခန်းသတ်ပြီ။ အင်း ဒါသည် ရှုပ်ယှက်ခတ်မရှိရင်ဖြင့် ဪ ဒီဥစ္စာ မဂ္ဂင်ရှစ်ပါး ဖြစ်သောကြောင့် သောတပတ္တိမဂ်လို့ ဆုံးဖြတ်ချက်ချ။

ဝိဝေကဌောနဲ့ ထောက်လိုက်လို့ရှိရင် နိဗ္ဗာန်ဟာ ရှင်းခြင်း၊ လင်းခြင်း၊ ကိလေသာ ရှုပ်ယှက်ခတ်ထားတယ်ဆိုတာ ကိလေသာကအကြောင်း၊ သူကရှုပ်ယှက်ခတ်ထားတဲ့ရုပ်နာမ် ခဏခဏမွေး၊ ခဏခဏသေနေတာ သူရှုပ်ယှက်ခတ်ထားတာ၊ သဘောကြပြီလား။ ဒါဖြင့် နိဗ္ဗာန်ဆိုတဲ့ဥစ္စာ၊ နိဗ္ဗာန သဒ္ဒါ= ငြိမ်းခြင်းလို့ဆိုတော့ ရှုပ်ယှက်ခတ်ခြင်းမှ ငြိမ်းတာ၊ ဝိဝေကဌ သဒ္ဒါ= ဆိတ်သုဉ်းခြင်းဆိုရင် ကိလေသာ ရှုပ်ယှက်ခတ်မှ ဆိတ်သုဉ်းခြင်းပေါ်ပြီလား။

ဒါဖြင့် **ရှင်းတာက နိဗ္ဗာန်၊ အရှင်းမြင်တာက မဂ်ဉာဏ်၊** ဒီလိုပွားရမယ်။ တော်တော်ပေါ်လာပြီ။ ဒကာဒကာမတို့ ဒီတရားမျိုးကတော့ ဒီလိုဟောမှ ပဲရမယ်။ ဒီလိုဟောဖို့ကလဲ မလွယ်လှဘူး။ ကိလေသာ

အကြောင်းလဲ ကောင်းကောင်းသိမှ ရှုပ်ယှက်ခတ်တာလဲသိအုံး။

ကဲ ဒါဖြင့် 'နိဗ္ဗာန်ဟာ မရှိတာတွေ့တယ်လို့ မယူလိုက်နဲ့နော်'၊ နိဗ္ဗာန်သည်ကားလို့ဆိုရင် ဒုက္ခလဲချုပ်သွားပြီ၊ ဖြစ်ပျက်က ဒုက္ခချုပ်သွားတော့ သုခနိဗ္ဗာန်သည် သူ့အနားမတွေ့ရဘူးလား။ ခင်ဗျားတို့ပဲ စဉ်းစားကြည့်ပါ။ အမှိုက်ရှုပ်တွေကြည့်ရတာနဲ့ အမှိုက်ရှင်းမှ ကြည့်ရတာဟာ ဘယ်ဟာက ကြည့်လို့ကောင်းတုံး ဆိုတာမေးတော့၊ ရှင်းတာ ကြည့်ကောင်းတယ်ဆိုသဖြင့် 'နိဗ္ဗာန်ဆိုတာသည် ကြည့်ကောင်းတဲ့သဘောပဲ'။ အခုကို ကိလေသာ သေတဲ့ နိဗ္ဗာန်ကိုတော့ **ကြည့်ကောင်းတဲ့သဘော**ပဲတွေ့မယ်၊ **'နေကောင်းတဲ့သဘော**ကတော့ ပရိနိဗ္ဗာန်စံမှတွေ့မယ်" ကြည့်ကောင်းတဲ့သဘော၊ နေကောင်းတဲ့သဘော နှစ်မျိုးရှိပါတယ်။

အခု ဝိပဿနာရှုလို့တွေ့ရတဲ့ နိဗ္ဗာန်ကတော့ ဘာပြုလို့ ကြည့်ကောင်းတဲ့ သဘောတွေ့ရမလဲလို့ မေးလို့ ရှိရင်ဖြင့် ဒီခန္ဓာကမှ မချုပ်သေးတော့ ခန္ဓာနဲ့လှမ်းကြည့်ရတာကိုးဗျ။ ခန္ဓာနဲ့လှမ်းကြည့်ရတော့ ဘာတွေ့ပါလိမ့်။ ကြည့်ကောင်းတဲ့သဘော တွေ့ရတယ်ဆိုတော့ **နိဗ္ဗာနံမဂ္ဂဿ သူက အာရမ္မဏိကကွ။ နိဗ္ဗာန်က အာရုံ-ခာတ်**ဆိုတော့ အကြည့်ခံရမယ်။ အကြည့်ဉာဏ်နဲ့ တည့်နေတာ၊ ဒီအတိုင်းမနေပေဘူးလား။

## နိဗ္ဗာန်သည် ရုပ်နာမ်ရှိသလား

ဒါဖြင့် နိဗ္ဗာန်သည် ရုပ်နာမ်ရှိပါရဲ့လားလို့မေးရင် ဘယ့်နှယ်ဖြေမလဲ၊ ကောင်းပြီ ကျုပ်က ဗဟုသုတရှိအောင် ခင်ဗျားတို့ကိုပေးလိုက်မယ်နော်။ နိဗ္ဗာန်ဟာ ရုပ်နာမ်တော့မရှိဘူး။ ကျုပ်တို့မှာရှိတဲ့ ရုပ်နာမ်မျိုးမရှိဘူး။ ကျုပ်တို့မှာရှိတဲ့ ရုပ်နာမ်ကတော့ အနိစ္စတွေကိုး။

## နိဗ္ဗာန်သည်ရုပ်လား၊ နာမ်လား၊

နိဗ္ဗာန်ဟာ ကျုပ်တို့မှာ ရှိတဲ့ ရုပ်နာမ်မျိုးတော့မဟုတ်ဘူး။ သို့သော်

ရုပ်လား၊ နာမ်လားလို့မေးရင်ဖြင့် **နာမ်ဓမ္မလို့ဖြေ။** သဘောကျပလား၊ ကျုပ်တို့ရှိတဲ့ ရုပ်နာမ်မျိုးလားလို့ဆိုတော့လဲ ဒီလိုလဲမဟုတ်ဘူး။ **ဥပါဒ်-ဌီ-ဘင်ရှိတဲ့ နာမ်မဟုတ်ဘူး။** ဒါဖြင့် ဖြစ်ပျက်မရှိတဲ့ နာမ်ဓမ္မလို့ ဒီလိုမှတ်လိုက်။ နိဗ္ဗာန်ရောက်ကြောင်းအားထုတ်သော ပုဂ္ဂိုလ်တို့၏ ကျက်စားရာဌာန၊ နိဗ္ဗာန်ရောက်ကြောင်း ဓမ္မတို့၏တည်ရာနေရာ။ သူ့ဆီကိုလာပြီး အကုန်ဦးတိုက်ကြရတယ်။ သဘောကျပြီလား။ ကျုပ်တို့ဆီမှာရှိတာက အာရုံရှိရာ ပြေးတတ်တဲ့နာမ်၊ **နိဗ္ဗာန်က ငါ့ဆီလာညွတ်ကြဆိုတဲ့ ညွတ်အပ်တဲ့နာမ်ဓမ္မ။**

နိဗ္ဗာန်သည်ကားလို့ဆိုရင်ဖြင့် နိဗ္ဗာန်ရောက်ကြောင်း စိတ္တုပ္ပါဒ်တို့၏ ညွတ်ရာဌာန ဖြစ်လေသောကြောင့်၊ ညွတ်အပ်တဲ့သဘော ရှိနေသောကြောင့် နာမ်ဓမ္မလို့ ဆုံးဖြတ်ချက်ချ။ ဘာပြုလို့ နာမ်ခေါ်ရပါလိမ့်။ ညွတ်အပ်တဲ့သဘောရှိသောကြောင့် ဒါလေးမှတ်ထား။

စာလိုသုံးတော့ ညွတ်အပ်တဲ့သဘော ရှိသောကြောင့် ညွတ်အပ်တဲ့ သဘောဆိုလို့ရှိရင်၊ လောကီ ဥပမာနဲ့ပြောပါမယ်။ ခင်ဗျားတို့ ဈေးချိုထိပ်မှာ နာရီစင်ကြီးရှိတယ်။ ဘယ်ကမောင်းလာတဲ့ရထားဖြစ်ဖြစ်၊ နာရီကိုတော့ကြည့်အုံးမှာပဲ၊ အရှေ့ကမောင်းလာတော့ကော နာရီကြည့်အုံးမှာပဲ၊ အနောက်ကမောင်းလာလဲ ကြည့်အုံးမှာပဲ၊ တောင်ကမောင်းလာလဲ ကြည့်အုံးမှာပဲ၊ အဲ မြောက်ကမောင်းလာတော့ကော နာရီကြည့်ရအုံးမယ်ဆိုသလို မကြည့်ပဲနဲ့ မသွားနိုင်သလိုပေါ့ဗျာ။

ဒီတော့ ထို့အတူပဲ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတဲ့ ပုဂ္ဂိုလ်တို့သည် ဘယ်နည်းနှင့်မှ မကြည့်ပဲမနေနိုင်တဲ့ နာမ်ဓမ္မဖြစ်ပါတယ်။ သဘောကျပြီလား။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရသော ပုဂ္ဂိုလ်တို့သည် မကြည့်ရှုပဲမနေနိုင်တဲ့ နာရီစင်ကြီးသဖွယ် 'ခိုင်မြဲနေတဲ့နာမ်ဓမ္မ' သဘောကျကြပြီလား။ ဒါမလွယ်ဘူးနော်။

ကောင်းပြီ၊ ဒါဖြင့် ဒီနိဗ္ဗာန်သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဘယ်သူမှ မကြည့်ရှုပဲ (မနေနိုင်) ဘယ်နှစ်ရက် နေရနေရ၊ ရောင်ရဲတယ်လို့ မရှိဘူး။ ဒီနေရာမှာ ကြည့်ရှုနေရတဲ့အခါမှာ တော်ပြီတန်ပြီလို့ ဘယ်တော့မှမလာဘူး။

ဒါဖြင့် နိဗ္ဗာန်သည်ကားလို့ဆိုရင်ဖြင့် ဒကာဒကာမတို့ နိဗ္ဗာန်သည် ချမ်းသာခြင်း လက္ခဏာရှိတယ်။ နိဗ္ဗာန်သည် ငြိမ်းအေးခြင်း လက္ခဏာရှိတယ်။ နိဗ္ဗာန်သည် စိတ်နှလုံးကို ရွှင်ပြုံးစေခြင်းလက္ခဏာရှိတယ်။

ဒါဖြင့် ဒကာဒကာမတွေ စဉ်းစားစရာက နိဗ္ဗာန်သည် ဝိဝေကဌာ၊ ကိလေသာ နှောင့်ယှက်ခြင်းမှ ဆိတ်ကင်းတဲ့ သဘောရှိတယ်။ ကိလေသာ အရှိန်အစော်တွေဟာ အငွေ့လေး သန်းသေးသလား၊ ကိလေသာ အနှောင့် အယှက်ကင်းတာသည် နိဗ္ဗာန်ဆိုတာ ခင်ဗျားတို့ ကျေနပ်ဖို့ကောင်းတယ်။

နိဗ္ဗာန်ဟာ ဘာအထည်နဲ့တူသတုံး၊ နိဗ္ဗာန်ရောက်သောပုဂ္ဂိုလ် ဘယ်လိုနေထိုင်ရမှာလဲ၊ ဒကာဒကာမတွေက မေးချင်လဲ မေးလိမ့်မယ်။ သြော် နိဗ္ဗာန်လဲ အထည်ရှိရင် ဆွေးမြေ့၊ ဖောက်ပြန် ပျက်စီးမယ်၊ ဒါဖြင့် နိဗ္ဗာန်သည် အထည်ရှိပါရဲ့လားလို့မေးရင် အထည်မရှိဘူး။ အထည်ရှိရင် ပျက်မယ်။ နိဗ္ဗာန်မှာ လုံးရပ်လဲမရှိဘူး၊ သဏ္ဌာန်လဲ မရှိဘူး၊ ပုံဟန်နိမိတ် ကောမရှိဘူး။ ကောင်းပြီ လုံးရပ်သဏ္ဌာန် ပုံဟန်နိမိတ်ရှိခဲ့ရင် ဘာဖြစ် မယ်ထင်သတုံး၊ ပျက်စီးဖောက်ပြန်ရမယ်။ ဒါလွတ်နိုင်ပါ့မလား။ မလွတ်နိုင် တော့ လုံးရပ်သဏ္ဌာန် ပုံဟန်နိမိတ်လဲ မရှိဘူး။ ဒါဖြင့် ဆုံးဖြတ်ချက်ချ။

ဒါဖြင့် ကိုယ်မှာ စဉ်းစားကြည့်စမ်း၊ ကျုပ်တို့က မစားဘူးတဲ့ ပုဂ္ဂိုလ်က မကြိုက်ဘူးပြောတာကို ကျုပ်တို့က အမှန်မယူနဲ့’ မစားဖူးဘဲနဲ့ မကြိုက်ဘူး ပြောတာ အဓိပ္ပါယ်မရှိဘူး။ စားဘူးလို့ မကြိုက်ဘူးဆိုရင်တော့ အဓိပ္ပါယ် ရှိတယ်။ အခု ကျုပ်တို့ နိဗ္ဗာန်ကို ကျုပ်တို့ ပုထုဇဉ်စိတ်နဲ့ မကြိုက်တဲ့ ပုဂ္ဂိုလ်တွေ၊ မစားဖူးဘဲနဲ့ မကြိုက်တာ ဖြစ်လေသောကြောင့် သူ့စကားကို အတည်မပြုနဲ့

လို့ ကန့်ကွက်လိုက်တယ်။ စားဖူးပြီး မကြိုက်တာ မဟုတ်သေးဘူး။ မစားဘူး ဘဲနဲ့ရမ်းပြီး မကြိုက်တာ၊ ပြောသံကြားမကြိုက်တာ။

အရိယာပုဂ္ဂိုလ်များ အားတဲ့အချိန် ဘာလုပ်တုံး နိဗ္ဗာန်အာရုံပြုနေ တယ်။ အင်း. ဒီတစ်နေ့ပဲလား၊ နက်ဖြန်ကြတော့ ဒီကိုယ်တော်ကြီးဘာတွေ လုပ်အုံးမှာ တုံးမေးတော့၊ နိဗ္ဗာန်အာရုံပြုနေမှာပါ။ နိဗ္ဗာန်ကိုစားကောင်းလို့ သူတို့ကတော့ဖြင့် ကိုယ်တိုင် စားသောက်ရလို့ ကိုယ်တိုင် ကြိုက်နေပြီ။

## နိဗ္ဗာန်သည်အမြတ်ဆုံး

ကောင်းပြီ ဒါဖြင့် နိဗ္ဗာန်အမြတ်ဆုံးလို့ ဘုရားသခင် ကိုယ်တော် မြတ်ကြီးကဟောထားတယ်။ တစ်ခါ ပုထုဇဉ်ဉာဏ်နဲ့ ဆပြီးကြိုက်ပြန်လို့ ရှိရင်လဲ ဒုက္ခမရှိဘူးဆိုရင်ဖြင့် ကြိုက်ရတာပဲ၊ နိဗ္ဗာန်ဆိုရင် အလုံးစုံ ဒုက္ခ မရှိဘူး။ ဘယ်လိုဆုံးဖြတ်ကြမလဲ၊ ကြိုက်ရမှာပဲ။ ဒီတော့ ပုထုဇဉ်က ဒီ လောက်ပဲဆသိရင် လွယ်ပါတယ်။ အရိယာကတော့ ကိုယ်တိုင်သိ၊ ကျုပ်တို့ ကသုတသိ၊ ဟိုကတော့ ပစ္စက္ခသိ ကွဲသွားပြီလား။ ပုထုဇဉ်ကဘာတုံး၊ သုတသိ၊ ပြောသံကြားနဲ့သိတယ်။ အဲဒီတော့ ခင်ဗျားတို့ ကျုပ်တို့က လက်တွေ့မှ ယုံတယ်ဆိုရင်လဲ လုပ်ကြတာပေ့ါ။ ဒကာဒကာမတွေ ကျုပ်တို့က ဘာဖြစ်ဖြစ် လက်တွေ့မှယုံတဲ့ခေတ် ပြောသံကြားခေတ် မဟုတ်ဘူးလို့ ဆိုလို့ရှိရင် အလုပ်လုပ်ကြည့်ပါ။ ကဲ. . . ဒီတွင် တော်ကြဦးစို့။

သာဓု၊ သာဓု၊ သာဓု